
အမျိုးသားစီမံကိန်းနှင့် စီးပွားရေး
ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း

## ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ သတင်းအချက်အလက်များ



၂၀၀၇-ဇွန်လ

# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း။

## ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် ဆိုင်ရာ သတင်းအချက်အလက်များ


<u>ပြုစုသူများ။</u>

IDEA INTERNATIONAL INSTITUTE
ကွီဘက်မြို့၊ ကနေဒါနိုင်ငံ။
IHLCA စီမံချက် ဆိုင်ရာ နည်းပညာ ယူနစ်
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။



<u>ကူညီပံ့ပိုးသူများ။</u>

စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန နှင့် ဗဟို စာရင်းအင်း အဖွဲ့
အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။

ပထမ မူကြမ်း - ကိုးကားရန်မဟုတ်
၂၀၀၆ ခုနှစ်၊ မတ်လ ၈ ရက်

# မာတိကာ


ကျေးဇူးတင်လွှာ ............................................................................................................................................. ၁
အစီရင်ခံစာအကျဉ်းချုပ် ............................................................................................................................. ၂
အတိုကောက် စကားလုံးများ ........................................................................................................................ ၁၁
ဇယားများနှင့် ပုံများ စာရင်း ........................................................................................................................ ၁၂
နိဒါန်းနှင့် ရည်ရွယ်ချက် ............................................................................................................................. ၁၄
၁။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှု လုံးဝ ပပျောက်စေရန်။ ............................................................................................................................................. ၁၆
၁-၁။ ရည်မှန်းချက် ၁။ ၁၉၉၀ ပြည့်နှစ် မှ ၂၀၁၅ ခုနှစ် အတွင်း တစ်နေ့လျှင် အမေရိကန် ဒေါ်လာ တစ်ဒေါ်လာ အောက်ဝင်ငွေ ရှိသူ လူဦးရေ အချိုး အား ထက်ဝက် လျှော့ချရန်။ ......................... ၁၆
၁-၂။ ရည်မှန်းချက် ၂။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း ငတ်မွတ်ခြင်း ခံစားရသော လူဦးရေ အချိုးအား ထက်ဝက် လျှော့ချရန်။ ........................................................................................ ၂၂
၂။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၂။ ကမ္ဘာအနှံ့ မူလတန်းပညာ တတ်မြောက်ကြစေရန်။........................... ၂၄
၂-၁။ ရည်မှန်းချက် ၃။ ၂၀၁၅ ခုနှစ်တွင် ကလေးသူငယ်များ၊ ယောကျ်ားကလေးနှင့် မိန်းကလေး အားလုံး မူလတန်းပညာ ပြီးမြောက်နိုင်စေရန်၊........................................................................... ၂၄
၃။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၃။ ကျား၊ မ တန်းတူ ညီမျှရေးအား မြှင့်တင်၍ အမျိုးသမီး များအား ဆောင်ရွက်ပိုင်ခွင့် ရရှိစေရန်။ ............................................................................................................... ၂၇
၃-၁။ ရည်မှန်းချက် ၄။ ဖြစ်နိုင်ပါက ၂၀၀၅ ခုနှစ်တွင် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်း ပညာရေး၌ ကျား၊ မ အခွင့်အရေး မတူညီမှု ပပျောက်စေ ရန်နှင့် ၂၀၁၅ ခုနှစ် ထက် နောက် မကျစေဘဲ ပညာရေးအဆင့် အားလုံး၌ ဖယ်ရှားပြီး ဖြစ်ရန်။ ...................................................... ၂၇
၄။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၄။ ကလေး သေဆုံးမှု လျှော့ချရန်။ .......................................................... ၃၂
၄-၁။ ရည်မှန်းချက် ၅။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း ၅ နှစ်အောက် ကလေး သေဆုံးမှုနှုန်းကို သုံးပုံနှစ်ပုံ လျှော့ချရန်။ ............................................................................ ၃၂
၅။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၅။ သားဖွားမိခင် ကျန်းမာရေး တိုးတက် ကောင်းမွန်စေရန် ။...................... ၃၄
၅-၁။ ရည်မှန်းချက် ၆။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း သားဖွားမိခင် သေဆုံးမှုနှုန်းကို လေးပုံသုံးပုံ လျှော့ချရန်။............................................................................................... ၃၄
၆။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၇။ သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့မှုကို မုချ သေချာစေရန်။........ ၃၆
၆-၁။ ရည်မှန်းချက် ၉။ နိုင်ငံ၏ မူဝါဒနှင့် အစီအစဉ်များတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ဆိုင်ရာ အခြေခံ သဘော တရားများအား စုစည်း ပေါင်းစပ် ပေးရန်နှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ သယံဇာတများ ဆုံးရှုံးမှု လျော့နည်းသွားစေရန်။ ................................................................ ၃၆
၆-၂။ ရည်မှန်းချက် ၁၀။ ၂၀၁၅ ခုနှစ် တွင် ဘေးကင်းသော သောက်ရေ နှင့် အညစ်အကြေး သန့်ရှင်းရေး စနစ် အား လက်လှမ်းမီ မရရှိသည့် လူဦး ရေ အချိုးကို ထက်ဝက် လျှော့ချရန်။ ........ ၃၈

၆-၃။ ရည်မှန်းချက် ၁၁။ ၂၀၂၀ ပြည့်နှစ် တွင် ဆင်းရဲသား ရပ်ကွက်နေသူ အနည်းဆုံး သန်း ၁၀၀ ၏
နေထိုင်မှု ဘဝ သိသာစွာ တိုးတက် ကောင်းမွန် စေရန်။ ........ ၄၁
၇။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၈။ ဖွံ့ဖြိုးမှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်း လက်တွဲ
ဆောင်ရွက်ရေးအား ဖြစ်ပေါ်တိုးတက်စေရန်။ ........ ၄၂
၇-၁။ ရည်မှန်းချက် ၁၆။ ဖွံ့ဖြိုးဆဲ နိုင်ငံများ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လူငယ်များအတွက်
သင့်တင့် လျောက်ပတ်၍ အကျိုးရှိသည့် အလုပ်အကိုင် ဆိုင်ရာ မဟာဗျူဟာ များ တိုးမြှင့်ပြီး
အကောင်အထည် ဖော် ဆောင်ရွက်ရန်။ ........ ၄၂
ကိုးကားချက်များ ........ ၄၄
နောက်ဆက်တွဲ - ၁။ ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်များ သို့ အောင်မြင်စွာ ရောက်ရှိရေး နှင့် ပတ်သက်၍
တိုးတက်မှု အခြေအနေ ကို စောင့်ကြည့် စစ်ဆေးသည့် ရည်မှန်းချက်များ နှင့် ညွှန်ကိန်းများ။ ........ ၄၅
နောက်ဆက်တွဲ - ၂။ ရွေးချယ်ထားသော အာရှနိုင်ငံများမှ ရွေးချယ်ထားသော ညွှန်ကိန်းများ။ ........ ၄၈
ဝေါဟာရစာရင်း ........ ၅၀

# ကျေးဇူးတင်လွှာ

စစ်တမ်း ကောက်ယူ လေ့လာရေးအဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ စားဝတ်နေရေး အခြေအနေ အရေ အတွက် ဆိုင်ရာ လေ့လာမှု စစ်တမ်း ပြီးမြောက် အောင်မြင်စေရန် ဝိုင်းဝန်း ပံ့ပိုး ကူညီ ပေးခဲ့ကြသော အဖွဲ့ အစည်းများ နှင့် ပုဂ္ဂိုလ်များ အားလုံးကို ကျေးဇူး တင်ရှိပါသည်။

လေ့လာရေးအဖွဲ့သည် အရေအတွက် ဆိုင်ရာ လေ့လာမှုလုပ်ငန်းက အစိတ်အပိုင်း တစ်ရပ် အနေဖြင့် ပါဝင်သည့် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာရေး (IHLCA) လုပ်ငန်း တစ်ရပ်လုံး ဖြစ်မြောက် အောင်မြင်စေရန် ပံ့ပိုး ကူညီ ပေးခဲ့သည့် အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုးသာအား အထူး ကျေးဇူး ဥပကာရ တင်ရှိပါသည်။ လမ်းညွှန်မှုနှင့် ပံ့ပိုးမှုများအတွက် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာရေး (IHLCA) ဦးဆောင်မှု ကော်မတီ၊ နည်းပညာ ကော်မတီနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဦးစီးဌာနတို့ အားလည်း ကျေးဇူး အထူး တင်ရှိပါသည်။ လေ့လာရေး အဖွဲ့သည် ကွင်းဆင်း လေ့လာ စစ်တမ်း ကောက်ယူရာတွင် အဓိက အခန်းကဏ္ဍ မှ ပါဝင် ဆောင်ရွက်ခဲ့သော စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန၊ အထူးသဖြင့် အမျိုးသား စီမံကိန်း ဒါရိုက်တာ ဖြစ်သူ ဒေါ်လဲ့လဲ့သိန်းနှင့် စာရင်းအင်း အချက်အလက်များကို စီစဥ် တွက်ချက်ပေးရာတွင် အဓိက အခန်းကဏ္ဍ မှ ပါဝင်သည့် ဗဟို စာရင်းအင်း အဖွဲ့ ကိုလည်း အသိအမှတ်ပြု မှတ်တမ်း တင်အပ်ပါသည်။

အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဌာန၊ ကျန်းမာရေး စီမံကိန်း ဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန၊ စီးပွားရေး တက္ကသိုလ်၊ အခြေခံပညာ ဦးစီးဌာန၊ အလုပ်သမား ဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနနှင့် ပြည်သူ့အင်အား ဦးစီးဌာန တို့၏ ပံ့ပိုး ကူညီမှုများ ကိုလည်း မှတ်တမ်း တင်အပ်ပါသည်။

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု (IHLCA) ကို ထောက်ပံ့ ကူညီခဲ့သည့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဥ် (UNDP)၊ အထူးသဖြင့် ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းရေးမှူး နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဥ် ဌာနေ ကိုယ်စားလှယ် ဖြစ်သူ Mr. Charles Petrie ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဥ် (UNDP) ဒုတိယ ဌာနေ ကိုယ်စားလှယ် ဖြစ်သူ Ms. Akiko Suzaki တို့ အပြင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဥ် (UNDP) စီမံကိန်း မန်နေဂျာများ ဖြစ်သည့် ဦးလှဖြူချစ် နှင့် ဦးထွန်းနိုင် တို့ကိုလည်း အထူး ကျေးဇူးတင်ရှိပါသည်။

# အစီရင်ခံစာအကျဉ်းချုပ်

၁။ ဤအစီရင်ခံစာ ပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်(MDG)များအား စောင့်ကြည့် စစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ညွှန်ကိန်းများ၏ ရလာဒ်များကို အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။ သို့သော် ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်အားလုံးကို လွှမ်းခြုံမဖော်ပြနိုင်ခြင်းနှင့် နှစ်များစွာအတွင်း ပန်းတိုင်များ၏ အခြေအနေ အလားအလာကို ဆန်းစစ်နိုင်စွမ်းမရှိသဖြင့် MDG အစီရင်ခံစာ တစ်စောင်အဖြစ် ဤအစီရင်ခံစာကို ရည်ရွယ်ခဲ့ခြင်းမရှိပါ။ IHLCA အရေအတွက်ဆိုင်ရာ စစ်တမ်းက သတ်မှတ်ထားသော MDG ညွှန်ကိန်း (၄၈) ခု အနက် ညွှန်ကိန်း (၁၆)ခုကို တွက်ချက်စေနိုင်ခဲ့ပါသည်။ ဤညွှန်ကိန်း (၁၆)ခုကို သက်ဆိုင်ရာ ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်တစ်ခုစီ[၁] အတွက် အစဉ်လိုက် တင်ပြထားပါသည်။

## ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု နှင့် ငတ်မွတ်မှု လုံးဝပပျောက်စေရန်၊

### ရည်မှန်းချက် ၁။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တစ်နေ့လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာအောက် ဝင်ငွေရှိသူ လူဦးရေအချိုးအား ထက်ဝက် လျှော့ချရန်၊

၂။ အစားအစာ ဆင်းရဲချို့တဲ့သူ အချိုးမှာ တစ်မျိုးသားလုံး သတ်မှတ်စံနှုန်းအရ အစားအစာချို့တဲ့သည်ဟု ယူဆရသည့် နိုင်ငံတော်လူဦးရေ အချိုးကို တိုင်းတာပါသည်။ အစားအစာ ဆင်းရဲချို့တဲ့သူအချိုးကို အစားအစာချို့တဲ့မှုမျဉ်းအောက် နိမ့်ကျသော အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီပြုထားသည့် စားသုံးစရိတ်ရှိသူများ၏အချိုးဟု အဓိပ္ပါယ် ဖွင့်ပါသည်။ ဤညွှန်ကိန်းသည် အစားအစာ လိုအပ်ချက်ကို ဖြည့်ဆည်းရန် စားသုံးစရိတ် လုံလောက်မှု မရှိသည့် အိမ်ထောင်စုများအား ရည်ညွှန်းပါသည်။ ပြည်ထောင်စု အဆင့်တွင် လူဦးရေ၏ ၁၀% သည် အစားအစာချို့တဲ့မှု မျဉ်းအောက် ကျရောက်လျက် ရှိပါသည်။ ပြည်နယ်နှင့် တိုင်းများအကြားတွင် ယင်းအချိုးများ ကွဲပြားခြားနားမှု ကြီးမားပါသည်။ အစားအစာ ဆင်းရဲချို့တဲ့မှု အမြင့်ဆုံးသည် ချင်းပြည်နယ်ဖြစ်၍ အစားအစာ ဆင်းရဲချို့တဲ့သူအချိုး ၄၀% ရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင်လည်း မြင့်မားကြပါသည်။ အစားအစာ ဆင်းရဲချို့တဲ့မှု အနိမ့်ဆုံးမှာ ကရင်ပြည်နယ်တွင် ဖြစ်၍ ၂% ရှိပြီး ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ် တို့တွင်လည်း လျော့နည်းကြပါသည်။

၃။ ဆင်းရဲနွမ်းပါးသူ အချိုးသည် တစ်မျိုးသားလုံး သတ်မှတ်စံနှုန်းအရ ဆင်းရဲနွမ်းပါးသည်ဟု ယူဆရသည့် နိုင်ငံတော် လူဦးရေအချိုးအား စောင့်ကြည့် စစ်ဆေးနိုင်စေပါသည်။ ဆင်းရဲနွမ်းပါးသူ အချိုး ဆိုသည်မှာ ဆင်းရဲနွမ်းပါးမှုမျဉ်း အောက်နိမ့်ကျသော အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီပြုထားသည့်အသုံးစရိတ်ရှိသူများ၏အချိုး ဖြစ်ပါသည်။ ဤအိမ်ထောင်စုများမှာ အခြေခံအစားအစာနှင့် အစားအစာ မဟုတ်သော အခြားလိုအပ်ချက်များကို ဖြည့်ဆည်းရန် သုံးစွဲစရိတ်လုံလောက်မှု မရှိသည့် အိမ်ထောင်စုများ ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် ဆင်းရဲနွမ်းပါးသူ အချိုးသည် ၃၂% ဖြစ်ပါသည်။ သို့သော် ဤရာခိုင်နှုန်းဖြင့် ပြည်နယ်နှင့် တိုင်းများအတွင်း အရေးပါသော ဆင်းရဲနွမ်းပါးမှု ခြားနားချက်၊ ကွာဟချက်များကို ထင်ဟပ်ဖော်ပြနိုင်ခြင်း မရှိပါ။ ချင်းပြည်နယ်သည် ပြည်နယ်နှင့် တိုင်းများအနက် အဆင်းရဲဆုံးဖြစ်၍ ဆင်းရဲ နွမ်းပါးသူ အချိုး ၇၃% ရှိပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)(၅၂%)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)(၅၁%) တို့တွင် လည်း

[၁] HIV/AIDS ရောဂါဆိုင်ရာ ညွှန်ကိန်းတစ်ခုမျှ စာရင်းကောက်ယူခဲ့ခြင်းမရှိသဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်၆ အား ဖော်ပြခြင်း မပြုပါ။

ဆင်းရဲနွမ်းပါးသူအချိုး မြင့်မားကြပါသည်။ ဆင်းရဲနွမ်းပါးသူအချိုး အနိမ့်ဆုံးသည် ကရင်ပြည်နယ် ဖြစ်၍ ၁၂% ရှိပြီး ရန်ကုန်တိုင်း (၁၅%) နှင့် မွန်ပြည်နယ် (၂၂%) တွင်လည်း ဆင်းရဲနွမ်းပါးသူ အချိုး လျော့နည်းကြကြောင်း တွေ့ရှိရပါသည်။

၄။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးသည် ဆင်းရဲနွမ်းပါးခြင်း၏ နက်ရှိုင်းမှုကို တိုင်းတာပြီး ဆင်းရဲနွမ်းပါးသူများ၏ ဆင်းရဲနွမ်းပါးမှုပြမျဉ်းအောက် ပျှမ်းမျှ ကွာဟချက်ကို ဆင်းရဲနွမ်းပါးသူဦးရေနှင့် မြှောက်၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ဤအချိုးအား ဆင်းရဲနွမ်းပါးမှုပြမျဉ်းအောက်ရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၏ သုံးစွဲမှုအား ဆင်းရဲနွမ်းပါးမှုပြမျဉ်းအထိ တိုးမြှင့်ရန် လိုအပ်သည့် ငွေကြေးပမာဏကို ခန့်မှန်း ရာတွင် အသုံးပြုနိုင်ပါသည်။ ပြည်ထောင်စု အဆင့်တွင် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးမှာ ၀.၀၇ ဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရန် လိုအပ်သည့် စုစုပေါင်း ငွေကြေးပမာဏသည် ဆင်းရဲနွမ်းပါးမှုပြမျဉ်းအရ သတ်မှတ်ငွေကြေး၏ ၇% ကို လူဦးရေ (မှန်ကန်တိကျစွာ သတ်မှတ်ဦးတည်ထားခြင်း အဟန့်အတားဖြစ်စေသည့် အကျိုးသက်ရောက်မှု မရှိခြင်း စသည်တို့ကို ယူဆလျက်)ဖြင့် မြှောက်ခြင်းနှင့်ညီမျှပါသည်။ ဆင်းရဲနွမ်းပါး မှုကွာဟချက် အချိုးမှာ ပြည်နယ်နှင့် တိုင်းများအကြား ကွဲပြားမှုများ ရှိပါသည်။ အမြင့်ဆုံးကွာဟချက်ကို ချင်းပြည်နယ် (၀.၂၃)တွင် တွေ့ရှိရပြီး ထို့နောက်တွင်ရှမ်းပြည်နယ် (မြောက်ပိုင်း) (၀.၁၂) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၀.၁၂)တို့ရှိကြပါသည်။ အနိမ့်ဆုံး ကွာဟချက်များကို ကရင်ပြည်နယ် (၀.၀၂)၊ ရန်ကုန်တိုင်း (၀.၀၃) နှင့် မွန်ပြည်နယ် (၀.၀၄)တို့တွင်လည်း ကွာဟချက်များ လျော့နည်းကြောင်း တွေ့ရှိရပါသည်။

၅။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်နှစ်ထပ်ကိန်းသည် ဆင်းရဲနွမ်းပါးခြင်း လွန်ကဲမှုကိုပြသည့်ညွှန်ကိန်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးနှင့် ကွဲပြားခြားနားမှုမှာ ဤညွှန်ကိန်းသည် အဆင်းရဲဆုံး အိမ်ထောင်စုများ (ဆင်းရဲနွမ်းပါးမှုမျဉ်းမှ အဝေးကွာဆုံးအိမ်ထောင်စုများ) အား ပိုမို အလေးပေးထားခြင်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်နှစ်ထပ်ကိန်းကို ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးနှင့် အလားတူ အလိုလိုသိသည့်အဓိပ္ပာယ် ဖော်ဆောင်နိုင်ခြင်း မရှိပါ။ ဤညွှန်ကိန်းသည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် အမြင့်ဆုံး ဖြစ်၍ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့တွင် အနိမ့်ဆုံး ဖြစ်ပါသည်။

၆။ တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%)၏ ဝေစုမှာ မညီမျှမှု၏ အတိုင်းအတာ တစ်ခု ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် စုစုပေါင်း သုံးစွဲမှုတွင် လူဦးရေ၏အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%)က ပါဝင်သုံးစွဲမှု ရာခိုင်နှုန်း ဆိုင်ရာ သတင်း အချက်အလက်ကို ဖော်ပြပေးပါသည်။ ဤညွှန်ကိန်းသည် ရည်မှန်းချက် ၁ အတွက် တရားဝင် တတိယ MDG ညွှန်ကိန်း ဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်တွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%)သည် စုစုပေါင်းသုံးစွဲမှု အသုံးစရိတ်၏ ၁၂.၂% ကို သုံးစွဲပါ သည်။ ပြည်နယ်နှင့်တိုင်းများတွင် ဤညွှန်ကိန်းသည် ထူးခြားစွာ ကွဲပြားမှု မရှိပဲ ၁၀.၇% နှင့် ၁၂.၉% အတွင်း ရှိကြပါသည်။ အနိမ့်ဆုံး ဝေစုများမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် တနင်္သာရီတိုင်း တို့တွင် ဖြစ်၍ အမြင့်ဆုံး ဝေစုများမှာ ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) တို့တွင် ဖြစ်ပါသည်။

## ရည်မှန်းချက် ၂။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ငတ်မွတ်ခြင်း ခံစားရသော လူဦးရေအချိုးအား ထက်ဝက်လျှော့ချရန်၊

၇။ ရည်မှန်းချက် ၂ အတွက် တရားဝင် ပထမ MDG ညွှန်ကိန်းမှာ ပုံမှန် ကိုယ်အလေးချိန် မပြည့်သော ၅ နှစ်အောက် ကလေးဦးရေ ပျံ့နှံ့မှု ဖြစ်ပါသည်။[၂] ဤညွှန်ကိန်းသည် ဆင်းရဲနွမ်းပါးမှု၊ ပညာရေးအဆင့် နိမ့်ကျမှု၊ ကျန်းမာရေး၊ အညစ်အကြေး သန့်ရှင်းရေး စနစ်နှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ချို့တဲ့စွာ ရရှိမှုတို့နှင့် ဆက်နွယ်နေပါသည်။ ဤညွှန်ကိန်းကို အသက်အုပ်စု ၀-၅၉လအရွယ် နိုင်ငံတကာရည်ညွှန်း လူဦးရေအတွက် ကိုယ်အလေးချိန်[၃]၏ တစ်ဝက်ကိန်းမှ အနုတ် စံတိမ်းချက် နှစ်ဆထက် လျော့နည်းသည့်၊ အသက်အလိုက် ကိုယ်အလေးချိန်ရှိသော ၅နှစ်အောက်ကလေးများ အချိုးအဖြစ် အဓိပ္ပါယ်ဖွင့်ပါသည်။[၄] ပြည်ထောင်စု အဆင့်တွင် ပုံမှန်ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှုမှာ ၃၄% ဖြစ်ပါသည်။ ကျေးလက်တွင် မြို့ပြထက် ပျံ့နှံ့မှု အနည်းငယ် မြင့်မား၍ ၃၅% ရှိပြီး မြို့ပြတွင် ၃၂% အသီးသီး ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများတွင် မဆင်းရဲသော အိမ်ထောင်စုများထက် ပုံမှန်ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှု ပိုမို မြင့်မား၍ ၃၈% ရှိပြီး မဆင်းရဲသော အိမ်ထောင်စုများတွင် ၃၂% အသီးသီး ရှိပါသည်။ အသင့်အတင့် အာဟာရ မပြည့်ဝခြင်းသည် ပျံ့နှံ့မှုအားဖြင့် ယောကျ်ားကလေးနှင့် မိန်းကလေးတို့မှာ ထူးခြားစွာ ကွဲပြားမှု မရှိကြပါ။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် အရေးပါသော ကွဲပြား ခြားနားမှုများ ရှိကြောင်း တွေ့ရှိရပါသည်။ အသင့်အတင့် အာဟာရချို့တဲ့ခြင်းသည် အမြင့်မားဆုံးအဖြစ် ရခိုင်ပြည်နယ်တွင် ၆၀% ရှိပြီး မကွေးတိုင်းတွင် ၄၂% နှင့် ဧရာဝတီတိုင်းတွင် ၃၆% ရှိကြပါသည်။ အနိမ့်ဆုံးမှာ ကယားပြည်နယ်တွင် ၂၁% ရှိပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တွင် ၂၄% နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၂၅% အသီးသီး ရှိကြပါသည်။

[၂] ရည်မှန်းချက် ၂ အတွက် တရားဝင် ဒုတိယ MDG ညွှန်ကိန်းဖြစ်သည့် အစားအစာမှခွန်အားရရှိရန် စားသုံးမှုအနည်းဆုံးအဆင့်အောက်ရှိ လူဦးရေအချိုးကို ဤစစ်တမ်းပါစာရင်းအချက်အလက်များမှ တွက်ချက်ဖော်ပြနိုင်ခြင်းမရှိပါ။

[၃] ကလေးများကို ကိုယ်အလေးချိန်ရာတွင် ဆော်လတာ(Salter)အလေးချိန်တိုင်း ကိရိယာကို အသုံးပြုပါသည်။ ကိုယ်အလေးချိန်ကို နှစ်ဦးသီးခြား ဖတ်ယူမှတ်တမ်းပြု၍ တစ်ဦးမှာရပ်ရွာသူနာပြုဆရာမ (ဝါ) သားဖွားဆရာမဖြစ်ပြီး ကျန်တစ်ဦးမှာ စစ်တမ်းစာရင်း ကောက်ယူတွက်ချက်သူ ဖြစ်ပါသည်။

[၄] အသက်အရရှိသင့်သော ကိုယ်အလေးချိန် ညွှန်ကိန်းမှာ နှစ်ကာလအလိုက် အသက်အားဖြင့်ရှိသည့် ခန္ဓာကိုယ်အလေးချိန်ဆက်နွယ်မှုကို ထင်ဟပ်ဖော်ပြခြင်းဖြစ်၍ ယင်းညွှန်ကိန်းကို ကလေး၏အရပ်မြင့်မားမှု (အသက်အရရှိသင့်သော အရပ်အမြင့်) နှင့် အရပ်အမြင့် အတွက် ရှိသင့်သော ကိုယ်အလေးချိန်တို့က လွှမ်းမိုးထားပါသည်။ ဤညွှန်ကိန်း၏ ပေါင်းစပ်မှုသဘောသဘာဝ အရ အဓိပ္ပာယ် ဖော်ဆောင်ရာတွင် ရှုပ်ထွေးမှုများ ရှိပါသည်။

ဥပမာ - အသက်အရရှိသင့်သော ကိုယ်အလေးချိန် သတ်မှတ်ချက်သည် အရပ်နိမ့်ပြီး လုံလောက်သော ကိုယ်အလေးချိန်ရှိသော ကလေးနှင့် အရပ်မြင့်၍ ပိန်သော ကလေးနှစ်ဦးတို့ကို ညွှန်ပြခွဲခြား ဖော်ပြနိုင်ခြင်း မရှိပါ။ အသက်နှင့်ယှဉ်ပါက အရပ်နိမ့်ခြင်း (သို့မဟုတ်) မထွားကျိုင်းခြင်းသည်(ကြီးထွားနှုန်းတန့်နေခြင်းသည်) ကာလရှည်စွာ နေ့စဉ်ပရိတိန်းသုံးစွဲရရှိမှု မလုံလောက်ခြင်း အပါအဝင် ကာလရှည်အကြောင်းရပ်များနှင့် ဆက်စပ်လျက်ရှိသော စုစည်းဖြစ်ပေါ်လာသည့် ကြီးထွားမှု ချို့တဲ့ခြင်းကို တိုင်းတာပါသည်။ အရပ်အမြင့်နှင့် ယှဉ်လျှင် ကိုယ်အလေးချိန် လျော့နည်းခြင်း (သို့ မဟုတ်) ကိုယ်လုံးကိုယ်ထည် သေးငယ်ခြင်း (ကြုံလှီခြင်း)သည် လွန်မင်းစွာငတ်မွတ်ခြင်း (သို့မဟုတ်) ပြင်းထန်စွာရောဂါ ခံစား ရမှုနှင့် ဆက်စပ်ဖြစ်ပေါ်လေ့ရှိသည့် မကြာသေးမီကာလ၌ ဖြစ်ပေါ်ခဲ့သည့် ကိုယ်အလေးချိန်လွန်မင်းစွာ လျော့ကျလာမှုဖြစ်စဉ်ကို အများအားဖြင့် ညွှန်ပြပါသည်။ အကြောင်းအပေါင်းမသင့်သဖြင့် ထောက်ပံ့ပို့ဆောင်ရေး မလွယ်ကူသည့် အကြောင်းအချက်များကြောင့်၊ အရပ်အမြင့်ကို တိုင်းတာ ခြင်းမပြုရန် ဆုံးဖြတ်ထား၍ ၅ နှစ်အောက်ကလေးများ၏ မထွားကျိုင်းခြင်းနှင့် ကိုယ်လုံးကိုယ်ထည်သေးငယ်ခြင်း ဖြစ်ပေါ်ပျံ့နှံ့မှုကို တိုင်းတာရန် မဖြစ်နိုင်ခဲ့ပါ။

## ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၂။ ကမ္ဘာအနှံ့ မူလတန်းပညာ တတ်မြောက်ကြစေရန်၊

## ရည်မှန်းချက် ၃။ ၂၀၁၅ ခုနှစ်တွင် ကလေးသူငယ်များ၊ ယောကျ်ားကလေး၊ မိန်းကလေးအားလုံး မူလတန်းပညာ ပြီးမြောက်နိုင်စေရန်၊

၈။ ရည်မှန်းချက် ၃ အတွက် တရားဝင် ပထမ MDG ညွှန်ကိန်းမှာ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း ဖြစ်ပါသည်[၅]။ ဤညွှန်ကိန်းမှာ တရားဝင် မူလတန်း ကျောင်းနေနိုင်သည့် အသက်အရွယ် ရှိသော မူလတန်းကျောင်းသားဦးရေနှင့် တရားဝင်မူလတန်းကျောင်းနေနိုင်သည့် အသက်အရွယ်ရှိသော လူဦးရေအချိုး ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ကျောင်းသင်ပညာရေးစနစ်၏ လွှမ်းခြုံနိုင်မှုနှင့် စွမ်းဆောင်ရည်ကို တိုင်းတာဖော်ပြသည့် ညွှန်ကိန်း ဖြစ်ပါသည်။ ပြည်ထောင်စု တစ်ဝန်းလုံး၌ မူလတန်း ပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်းမှာ ၈၅% ဖြစ်ပါသည်။ ကျေးလက်တွင် ဤညွှန်ကိန်းသည် အနည်းငယ် လျော့နည်းပြီး ၈၄% ရှိ၍ မြို့ပြတွင် မြင့်မားကာ ၈၈% ရှိပါသည်။ ဤညွှန်ကိန်းအရ နှိုင်းယှဥ်ပါက ဆင်းရဲသော အိမ်ထောင်စုများတွင် ပိုမို လျော့နည်း၍ ၈၀% ရှိပြီး မဆင်းရဲသော အိမ်ထောင်စုများတွင် ၈၇% ရှိပါသည်။ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း အနိမ့်ဆုံးမှာ ရခိုင်ပြည်နယ်တွင် ၆၇% ဖြစ်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင်လည်း နိမ့်ကျကြပြီး အမြင့်ဆုံးမှာ ကယားပြည်နယ်တွင် ၉၃% ဖြစ်ပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း တို့တွင်လည်း မြင့်မားကြပါသည်။

၉။ ၁၅-၂၄ နှစ် အရွယ် ရှိသူများ၏ စာတတ်မြောက်မှုနှုန်း[၆] ကို ရည်မှန်းချက် ၃ အား စောင့်ကြည့် စစ်ဆေးသည့် ဖြည့်စွက် ညွှန်ကိန်းတစ်ခုအဖြစ် အသုံးပြုပေမည်။ ယင်းညွှန်ကိန်းသည် ပြည်ထောင်စု အဆင့်တွင် ၉၂% ဖြစ်၍ ကျေးလက်တွင် မြို့ပြထက် အနည်းငယ် လျော့နည်းပြီး ၉၁% ရှိ၍ မြို့ပြတွင် ၉၆% အသီးသီး ရှိကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုဝင်များသည် မဆင်းရဲသော အိမ်ထောင်စုဝင်များထက် စာတတ်မြောက်မှုနှုန်း လျော့နည်းပြီး ၈၈% ရှိ၍ မဆင်းရဲသော အိမ်ထောင်စုဝင်များတွင် ၉၄% အသီးသီး ရှိကြပါသည်။ ဤညွှန်ကိန်းသည် ပြည်နယ်နှင့် တိုင်းများအကြားတွင် ကွဲပြား ခြားနားပါသည်။ စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံးမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ၅၅%၊ ရခိုင်ပြည်နယ်တွင် ၇၁%၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၇၉%နှင့် အမြင့်ဆုံးမှာ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ ဖြစ်ပြီး ၉၇% အသီးသီး ရှိကြပါသည်။

---

[၅] ရည်မှန်းချက် ၃ ၏ တရားဝင် ဒုတိယ MDG ညွှန်ကိန်း ဖြစ်သည့် သူငယ်တန်းတွင် စတင်သင်ကြားပြီး စတုတ္ထတန်းအထိ တက်ရောက် သင်ကြားခဲ့သည့် ကျောင်းသားအချိုးကို ဤစစ်တမ်း၏ စာရင်းအင်း အချက်အလက်များမှ တွက်ယူနိုင်ခြင်း မရှိပါ။

[၆] IHLCA စစ်တမ်းက အခြေခံပညာရေးဦးစီးဌာန၏ စာတတ်မြောက်မှုအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုပါသည်။ စာတတ်မြောက်မှုကို ၁၅ နှစ်နှင့်အထက် အသက်အရွယ်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးသည် အရပ်သုံး ဘာသာစကား (ဗမာ (သို့မဟုတ်) အခြား တိုင်းရင်းသား ဘာသာစကား ၈ မျိုး)ဖြင့် သာမန်စာတစ်ပိုဒ်ကို ဖတ်ရှု နားလည်နိုင်စွမ်းရှိပြီး သာမန် အတွက်အချက် ပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်း တွက်ချက်နိုင်ပါက စာတတ်မြောက်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ထို့အတူ အခြေခံပညာ ဒုတိယတန်း အောင်မြင်သူကိုလည်း စာတတ်မြောက်သူဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် MDG ၏ စာတတ်မြောက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ညီညွတ်မှုရှိပါသည်။

## ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် ၃။ ကျား၊ မ တန်းတူညီမျှရေးအားမြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့် ရရှိစေရန်၊

## ရည်မှန်းချက် ၄။ ဖြစ်နိုင်ပါက ၂၀၀၅ ခုနှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရေး၌ ကျား၊ မ အခွင့်အရေး မတူညီမှု ပပျောက်စေရန်နှင့် ၂၀၁၅ ခုနှစ်ထက် နောက်မကျစေဘဲ ပညာရေးအဆင့် အားလုံး၌ ဖယ်ရှားပြီး ဖြစ်ရန်၊

၁၀။ ရည်မှန်းချက် ၄ အတွက် တရားဝင်ပထမMDG ညွှန်ကိန်းမှာ မူလတန်းပညာရေးရှိ မိန်ကလေးနှင့် ယောကျ်ားကလေး အချိုး[2] ဖြစ်ပါသည်။ ယင်းညွှန်ကိန်းသည် ကျောင်းနေရန် စာရင်းသွင်းမှုအရ ကျားနှင့်မ ပညာရေး အခွင့်အလမ်း တန်းတူညီမျှမှုကို တိုင်းတာပါသည်။ ပြည်ထောင်စုအဆင့်၌ မူလတန်း ပညာရေးတွင် မိန်ကလေးနှင့် ယောကျ်ားကလေး အချိုးမှာ ၉၆ (ကျား ၁၀၀ လျှင်) ဖြစ်ပါသည်။ ယင်းညွှန်ကိန်းမှာ ကျေးလက်တွင် မြို့ပြထက် ပိုမိုမြင့်မား၍ ၉၈ ရှိပြီး မြို့ပြတွင် ၈၈ ရှိပါသည်။ ဆင်းရဲသူများတွင် မဆင်းရဲသူများထက် ညွှန်ကိန်း ပိုမို မြင့်မား၍ ၁၀၁ ရှိပြီး မဆင်းရဲသူများတွင် ၉၄ ရှိပါသည်။ ဤညွှန်ကိန်းသည် ပြည်နယ်နှင့် တိုင်းများအကြားတွင် သိသာစွာ ကွဲပြားမှုများ ရှိပါသည်။ မကွေးတိုင်း၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းများတွင် ညွှန်ကိန်းသည် ၁၀၀ အထက်တွင်ရှိ၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်း (အရှေ့ပိုင်း) တွင် ၈၅ ရှိပါသည်။

၁၁။ ရည်မှန်းချက် ၄ အတွက် တရားဝင် ပထမ MDG ညွှန်ကိန်း၏ အစိတ်အပိုင်းတစ်ခုမှာလည်း အလယ်တန်းနှင့် အထက်တန်း ပညာရေးရှိ မိန်ကလေးနှင့် ယောကျ်ားကလေး အချိုးဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် အချိုးမှာ ၁၀၃ (ကျား ၁၀၀ လျှင်) ဖြစ်ပါသည်။ ကျေးလက်နှင့် မြို့ပြများတွင် ကွဲပြား ခြားနားမှုရှိ၍ ၁၀၄ နှင့် ၉၉ အသီးသီး ရှိကြပြီး ဆင်းရဲသူများနှင့် မဆင်းရဲသူများအကြားတွင် ကွဲပြားခြားနားမှု မရှိကြောင်း တွေ့ရှိရပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် ဤညွှန်ကိန်းသည် သိသာစွာ ကွဲပြားမှု ရှိပါသည်။ ပြည်နယ်နှင့် တိုင်းအများစုတွင် ဤညွှန်ကိန်းသည် ၁၀၀ အထက်တွင် ရှိသော်လည်း ရခိုင်ပြည်နယ် တွင် ၇၂၊ ကယား ပြည်နယ်တွင် ၇၄၊ စစ်ကိုင်းတိုင်းတွင် ၉၀ နှင့် ရန်ကုန်တိုင်းတွင် ၉၄ ရှိ၍ အထူး နိမ့်ကျလျက် ရှိပါသည်။

၁၂။ ၁၅-၂၄ နှစ်အရွယ်ရှိ စာတတ်မြောက်သူ အမျိုးသမီးနှင့် စာတတ်မြောက်သူအမျိုးသား အချိုးသည် ကျောင်းနေခြင်း၏ မျှော်မှန်း ရလဒ်နှင့် အမျိုးသမီးများ ဆောင်ရွက်ပိုင်ခွင့် ရရှိမှုအတွက် အဓိက ညွှန်ကိန်း ဖြစ်ပြီး စာတတ်မြောက်မှုနှင့် သင်ယူမှု ဆိုင်ရာ အခွင့်အလမ်းများတွင် ကျားနှင့်မ တန်းတူ ညီမျှမှု တိုးတက်ရရှိလာခြင်းကို တိုင်းတာပါသည်။ ဤညွှန်းကိန်းသည် ရည်မှန်းချက် ၄ အတွက် တရားဝင်ဒုတိယMDG ညွှန်ကိန်း ဖြစ်ပါသည်။ ၁၅-၂၄ နှစ်အရွယ်ရှိ စာတတ်မြောက်သူ အမျိုးသမီးနှင့် စာတတ်မြောက်သူအမျိုးသား အချိုးသည် ပြည်ထောင်စုအဆင့်တွင် ၉၈ (ကျား ၁၀၀ လျှင်) ရှိပါသည်။ ကျေးလက်နှင့် မြို့ပြတွင် ဤညွှန်ကိန်းသည် အနည်းငယ် ကွဲပြားခြားနားပါသည်။ (၉၈ နှင့် ၉၉ အသီးသီး ရှိပါသည်) ပြည်နယ်နှင့် တိုင်းများ အကြားတွင် ဤညွှန်ကိန်းသည် သိသာစွာ ကွဲပြားခြားနားပါသည်။ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းများတွင် ဤညွှန်ကိန်းသည် ၁၀၀ ထက်ပိုမိုပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရခိုင်ပြည်နယ် များတွင် နိမ့်ကျပါသည်။

---

[2] ရည်မှန်းချက် ၄ အတွက် တရားဝင် နောက်ဆုံး MDG ညွှန်ကိန်းဖြစ်သည့် အမျိုးသားလွှတ်တော်တွင် အမျိုးသမီး ကိုယ်စားလှယ်များ၏ ပါဝင်မှု အချိုးမှာ မြန်မာနိုင်ငံနှင့် ဆီလျော် ဆက်စပ်မှုမရှိပါ။ အခြား တရားဝင်ညွှန်ကိန်းများကို အောက်ပါအတိုင်း တင်ပြ အပ်ပါသည်။

၁၃။ လုပ်သားဈေးကွက်တွင် အမျိုးသမီးလုပ်သားများ ပေါင်းစည်းပါဝင်မှုသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေး စွမ်းရည်ဆိုင်ရာ ညွှန်ကိန်းတစ်ခုဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ရည်မှန်းချက် ၄ အတွက် တရားဝင်တတိယ MDG ညွှန်ကိန်းအဖြစ် လယ်ယာမဟုတ်သော ကဏ္ဍ၌ လုပ်ခရအလုပ်အကိုင်များတွင် အမျိုးသမီးများ၏ ဝေစုအားဖြင့် တိုင်းတာပါသည်။ စစ်တမ်းနှစ်ကြိမ် ကောက်ယူရာတွင် အနည်းငယ်ကွဲလွဲမှုများရှိနေပြီး၊ ပြည်ထောင်စုအဆင့်၌ ပထမအကြိမ်တွင် ညွှန်ကိန်းမှာ ၄၁ % ရှိပြီး ဒုတိယအကြိမ်၌ ၄၀ % ရှိပါသည်။ စစ်တမ်းနှစ်ကြိမ် ကောက်ယူမှုအရ ကျေးလက်နှင့် မြို့ပြအတွက်ညွှန်ကိန်းများသည် လုံးဝနီးပါး တူညီမှု ရှိကြောင်း တွေ့ရှိရပါသည်။ ပထမ အကြိမ် စစ်တမ်းကောက်ယူမှုတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) များတွင် မြင့်မားသော အချိုးများ (၅၈%၊ ၅၃% နှင့် ၅၁%) အသီးသီး တွေ့ရှိရပြီး နိမ့်ကျသော အချိုးများကို တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်း များတွင် (၃၁%၊ ၃၇%၊ ၃၈%နှင့် ၃၉%) အသီးသီး တွေ့ရှိရပါသည်။ ဒုတိယ အကြိမ် စစ်တမ်း ကောက်ယူမှုတွင် အမြင့်ဆုံးအချိုးများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပဲခူးတိုင်း (အရှေ့ပိုင်း) တို့တွင် ၅၁%၊ ၄၇%နှင့် ၄၆% အသီးသီး တွေ့ရှိရပြီး အနိမ့်ဆုံး အချိုးများကို တနင်္သာရီတိုင်းနှင့် ဆက်လက်၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ၃၀%၊ ၃၃%နှင့် ၃၄% အသီးသီး တွေ့ရှိရပါသည်။ ပြည်နယ်နှင့် တိုင်း အဆင့်တွင် စစ်တမ်း နှစ်ကြိမ် ကောက်ယူမှု အကြား သိသာစွာ ကွဲပြား ခြားနား ပါသည်။ ပထမ အကြိမ် စစ်တမ်းနှင့် ဒုတိယ အကြိမ် စစ်တမ်း ကောက်ယူသည့် နှစ်ကြိမ်အတွင်း အမြင့်ဆုံး ကွဲလွဲချက်ကို ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ၅၈% နှင့် ၄၇% တွေ့ရှိရပြီး ဆက်လက်၍ ကယားပြည်နယ် တွင် ၅၁%နှင့် ၄၂%၊ ပဲခူးတိုင်း (အရှေ့ပိုင်း) တွင် ၅၃%နှင့် ၄၆%နှင့် ချင်းပြည်နယ်တွင် ၄၁%နှင့် ၃၄% အသီးသီး တွေ့ရှိရပါသည်။ စစ်တမ်း ကောက်ယူသည့် နှစ်ကြိမ်အကြား ကရင်ပြည်နယ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း)တို့တွင် ကွဲပြားခြားနားမှုများ မတွေ့ရှိရပဲ အနည်းငယ် ကွဲပြားမှုများကို မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့တွင် တွေ့ရှိရပါသည်။

## ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၄။ ကလေးသေဆုံးမှု လျှော့ချရန်၊

### ရည်မှန်းချက် ၅။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၅ နှစ်အောက် ကလေးသေဆုံးမှုနှုန်းကို သုံးပုံနှစ်ပုံ လျှော့ချရန်၊

၁၄။ ရည်မှန်းချက် ၅ အတွက် တရားဝင် MDG ညွှန်ကိန်းဖြစ်သည့် ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသည့် ၁ နှစ်အရွယ် ကလေးအချိုးသည် နိုင်ငံတစ်နိုင်ငံတွင် ကလေးကျန်းမာရေး စောင့်ရှောက်မှုစနစ်၏ အရည်အသွေးနှင့် လွှမ်းခြုံနိုင်မှု၏ အတိုင်းအတာတစ်ခုကို ပေးပါသည်။ ဝက်သက်ရောဂါ၏ ဗိုင်းရပ်(စ)ပိုးများ ကူးစက်ပြန့်ပွားမှု ရပ်တန့်စေရန်အတွက် ရောဂါကာကွယ် ဆေးထိုးမှုလုပ်ငန်း လွှမ်းခြုံမှုသည် ၉၀% အထက်ရှိရပါမည်။ ဒုတိယအကြိမ် ကောက်ယူသည့် စစ်တမ်းအရ ပြည်ထောင်စုအဆင့်တွင် ကာကွယ်ဆေးထိုး လုပ်ငန်း လွှမ်းခြုံမှုသည် ၈၀% ရှိပါသည်။ ပြည်နယ်နှင့် တိုင်းများအကြားနှင့် အလွှာအသီးသီးတွင်မူ အရေးပါသော ကွဲပြားခြားနားမှုများ ရှိပါသည်။ ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှု အနိမ့်ဆုံးအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၆၀%၊ ချင်းပြည်နယ်တွင် ၆၃%၊ ရခိုင်ပြည်နယ်တွင် ၆၇% တွေ့ရှိရပါသည်။ ဆင်းရဲနွမ်းပါးသူများ၏ ကလေးများ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံမှုအချိုးမှာ မဆင်းရဲသူများ၏ ကလေးများထက် အနည်းငယ် လျော့နည်းပြီး ၇၈%နှင့် ၈၁% အသီးသီး ရှိပါသည်။

## ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၅။ သားဖွားမိခင် ကျန်းမာရေး တိုးတက် ကောင်းမွန်စေရန်၊

### ရည်မှန်းချက် ၆။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း သားဖွားမိခင် သေဆုံးမှုနှုန်းကို လေးပုံသုံးပုံ လျှော့ချရန်၊

၁၅။ ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုးမှာ ရည်မှန်းချက် ၆[၈] အတွက် တရားဝင်ဒုတိယ MDGညွှန်ကိန်း ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် သားဖွားမိခင်များအား ကိုယ်ဝန်ဆောင်စဥ်ကာလ၊ မီးဖွားစဥ်ကာလနှင့် မီးဖွားပြီး ကာလများတွင် လိုအပ်သည့် ကြပ်မတ်မှု၊ စောင့်ရှောက်မှုနှင့် အကြံဉာဏ်များ ပြုနိုင်ရန်နှင့် ကလေးမွေးဖွားပေးရန်၊ မွေးကင်းစ ကလေးငယ်များအား ပြုစု စောင့်ရှောက်တတ်ရန် သင်တန်းပေးထားသော ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများ (ဆရာဝန်များ၊ သူနာပြု ဆရာမများနှင့် သားဖွားဆရာများ)[၉] ကြည့်ရှုစောင့်ရှောက်သည့် မွေးဖွားမှု ရာခိုင်နှုန်းကို တိုင်းတာပါသည်။ ပြည်ထောင်စုအဆင့်တွင် မွေးဖွားမှု၏ ၇၃% မှာ ကျွမ်းကျင် ကျန်းမာရေးဝန်ထမ်းများ၏ စောင့်ရှောက်မှုကို ရရှိပြီး မြို့ပြ (၈၉%)သည် ကျေးလက် (၆၈%)ထက် ပိုမိုမြင့်မားပါသည်။ မဆင်းရဲသော အိမ်ထောင်စုများအတွက် ဤညွှန်ကိန်း (၇၇%) သည် ဆင်းရဲသော အိမ်ထောင်စုများ အတွက် ဤညွှန်ကိန်း (၆၅%)ထက် မြင့်မားပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် အရေးပါသော ကွာခြားမှုများရှိ၍ အခြား ပြည်နယ်နှင့် တိုင်းများနှင့် နှိုင်းယှဥ်လျှင် နိမ့်ကျသော နှုန်းများကို ချင်းပြည်နယ် (၄၅%) နှင့် ရခိုင်ပြည်နယ် (၄၉%) များတွင် တွေ့ရှိရပါသည်။

## ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၇။ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မုချသေချာစေရန်၊

### ရည်မှန်းချက် ၉။ နိုင်ငံ၏ မူဝါဒနှင့် အစီအစဥ်များတွင် စဥ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံ သဘောတရားများအား ပေါင်းစပ်ပေးရန်နှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ သယံဇာတများ ဆုံးရှုံးမှု လျော့နည်းသွားစေရန်၊

၁၆။ ရည်မှန်းချက် ၉ အတွက် တရားဝင် MDG ညွှန်ကိန်းများအနက် ညွှန်ကိန်းတစ်ခုမှာ အစိုင်အခဲလောင်စာ[၁၀] များ သုံးစွဲသည့်လူဦးရေအချိုး ဖြစ်ပါသည်။[၁၁] အိမ်ထောင်စုများ၏ အစိုင်အခဲ လောင်စာသုံးစွဲမှုနှင့် အိမ်တွင်းလေထု ညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှု၊ မြေပြိုစားမှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအကြား အရေးကြီးသော ချိတ်ဆက်မှုများ ရှိပါသည်။ စစ်တမ်းမှ စာရင်းအင်း အချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေ အများစု (၉၂%) မှာ အစိုင်အခဲ လောင်စာများကို အသုံးပြုကြပါသည်။ ကျေးလက်တွင် (၉၆%)နှင့် မြို့ပြတွင် (၈၂%) ရှိသဖြင့် အစိုင်အခဲ လောင်စာသုံးစွဲမှုနှုန်းမှာ ကျေးလက်သည် မြို့ပြထက် သိသာစွာ မြင့်မားပါသည်။ ဆင်းရဲသော အိမ်ထောင်စုများတွင် မဆင်းရဲသော အိမ်ထောင်စုများထက် အစိုင်အခဲ လောင်စာ သုံးစွဲသည့် အိမ်ထောင်စုအချိုး ပိုမို မြင့်မားပါသည်။ ပြည်နယ်နှင့်တိုင်းများ အကြားတွင် ဤညွှန်ကိန်းသည် သိသာစွာ ကွဲပြား ခြားနားပါသည်။ ရန်ကုန်တိုင်းတွင် အနိမ့်ဆုံး (၆၉%) ဖြစ်၍ ပဲခူးတိုင်း (အရှေ့ပိုင်း) တွင် ၈၄% ရှိပါသည်။

---

[၈] တရားဝင် ပထမ MDG ညွှန်ကိန်းဖြစ်သည့် သားဖွားမိခင်သေဆုံးမှုနှုန်းသည် ကြီးမားသော နမူနာ အရွယ်အစား လိုအပ်သဖြင့် ယင်းကို ဤစစ်တမ်းမှ တိကျမြင့်မားစွာဖြင့် မတွက်ချက်နိုင်ပါ။

[၉] မိရိုးဖလာ အရပ်လက်သည်များ ပါဝင်ခြင်းမရှိပါ။

[၁၀] မီးသွေး၊ ထင်းနှင့် အစားထိုးထင်းမီးသွေးလောင်စာများ ပါဝင်ပါသည်။

[၁၁] ဤစစ်တမ်းက မလွှမ်းခြုံနိုင်သော တရားဝင် MDG ညွှန်ကိန်း (၄) ခုရှိပါသည်။ အတိအကျပြောရသော် သစ်တော ဖုံးလွှမ်းထားသည့်မြေဧရိယာ အချိုး၊မြေမျက်နှာပြင်ဧရိယာအနက် ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းရန် ကာကွယ်စောင့်ရှောက်ထားသော မြေဧရိယာ အချိုး၊ ဂျီဒီပီ(PPP) အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ တွင် စွမ်းအင်အသုံးပြုမှု (စက်သုံးဆီနှင့်ညီမျှချက်အရ ကီလိုဂရမ်)နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု(လူတစ်ဦးလျှင်)နှင့် အိုဇုန်းလွှာပါးလာစေသည့် CFCs များ (ODP တန်များ) သုံးစွဲမှုတို့ ဖြစ်ပါသည်။

## ရည်မှန်းချက် ၁၀။ ၂၀၁၅ ခုနှစ်တွင် ဘေးကင်းသော သောက်ရေနှင့် အညစ်အကြေး သန့်ရှင်းမှုစနစ်ကို အစဉ် လက်လှမ်းမီ မရရှိသော လူဦးရေအချိုးကို ထက်ဝက် လျှော့ချရန်၊

၁၇။ ရည်မှန်းချက် ၁၀ အတွက် တရားဝင် MDG ညွှန်ကိန်းသည် မြို့ပြနှင့် ကျေးလက်တွင် ကောင်းမွန်သည့် ရေဇာစ်မြစ်အား အစဉ် လက်လှမ်းမီရရှိသည့် လူဦးရေ အချိုးဖြစ်ပါသည်။ မသန့်ရှင်းသော ရေသုံးစွဲမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါကူးစက် ပြန့်ပွားမှု၏ တိုက်ရိုက် အကြောင်းတရားပင် ဖြစ်ပါသည်။ ဤညွှန်ကိန်း သည် ရေကောင်းရေသန့်ကို ပိုမို လက်လှမ်းမီ ရရှိသည်နှင့်အမျှ အမှန်တကယ် ရေသုံးစွဲမှု ပိုမို များလာစေသည် ဆိုသည့် ယူဆချက်အပေါ်တွင် အခြေပြုထားပါသည်။ အဓိကအားဖြင့် ကျေးလက်တွင် ရေကောင်းရေသန့် လက်လှမ်းမီ ရရှိမှုအချိုး (၅၅%) နိမ့်ကျမှုကြောင့် ပြည်ထောင်စု အဆင့်တွင် ဤအချိုးသည် ၆၃% သာ ရှိကြောင်း တွေ့ရှိရပါသည်။ လက်လှမ်းမီရရှိမှုသည် မြို့ပြတွင် ပိုမို ကောင်းမွန်၍ အချိုး ၉၀% ရှိပါသည်။ ဘေးကင်းသော သောက်ရေရရှိရေးအတွက် အထူးသဖြင့် ပြဿနာရှိသော ကျေးလက်ဒေသများမှာ ဧရာဝတီတိုင်း (၃၆%)နှင့် ရခိုင်ပြည်နယ် (၄၁%) တို့မှဖြစ်ပါသည်။ အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေ ဇာစ်မြစ်အား လက်လှမ်းမီ ရရှိသည့် ဆင်းရဲသူ အချိုးသည် မဆင်းရဲသူ အချိုးထက် လျော့နည်းပါသည်။ (နှိုင်းယှဉ်မှုအရ ၅၉% နှင့် ၆၄% ဖြစ်ပါသည်။)

၁၈။ မြို့ပြနှင့် ကျေးလက်တွင် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေအချိုးသည် ရည်မှန်းချက် ၁၀ ၏ တရားဝင် ဒုတိယ MDG ညွှန်ကိန်း ဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်တွင် မြို့ပြ အိမ်ထောင်စု၏ ၇၆% နှင့် ကျေးလက် အိမ်ထောင်စု၏ ၆၄% သည် ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေးစနစ်ကို သုံးစွဲကြပါသည်။ အိမ်ထောင်စု အားလုံး၏ ပျမ်းမျှကောင်းမွန်သည့် အ ညစ်အကြေးသန့်ရှင်းရေးစနစ် သုံးစွဲမှုအချိုးမှာ ၆၇% ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများက မဆင်းရဲသော အိမ်ထောင်စုများထက် ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေးစနစ် သုံးစွဲမှုနှုန်း လျော့နည်းပြီး ၅၉% နှင့် ၇၁% အသီးသီး ရှိကြပါသည်။ အိမ်ထောင်စုဦးရေ၏ ၆၀% အောက် ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေးစနစ် သုံးစွဲသည့် ပြည်နယ်နှင့် တိုင်းများတွင် ရခိုင်ပြည်နယ် ၃၆%၊ တနင်္သာရီတိုင်း ၅၃% နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) ၅၆% တို့ပါဝင် ကြပါသည်။

## ရည်မှန်းချက် ၁၁။ ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲသား ရပ်ကွက်နေသူ အနည်းဆုံးသန်း ၁၀၀ ၏ နေထိုင်မှုဘဝ သိသာစွာ တိုးတက် ကောင်းမွန်စေရန်၊

၁၉။ ရည်မှန်းချက် ၁၁ အတွက် တရားဝင်MDG ညွှန်ကိန်းသည် အာမခံချက်ရှိသည့် နေထိုင်ပိုင်ခွင့် ရသည့် အိမ်ထောင်စုများ အချိုး ဖြစ်ပါသည်။ အာမခံချက်ရှိသည့် နေထိုင်ပိုင်ခွင့် ဆိုသည်မှာ တရားဥပဒေနှင့်အညီ မဟုတ်သည့် နှင်ထုတ်မှု မခံရစေရေးအတွက် နိုင်ငံတော်အစိုးရထံမှ ထိရောက်သော ကာကွယ် စောင့်ရှောက်မှုကို တစ်ဦးချင်းနှင့် အဖွဲ့အစည်းများက ရရှိသည့် အခွင့်အရေး ဖြစ်ပါသည်။ အာမခံချက် ရှိသည့် နေထိုင်ပိုင်ခွင့် မရသည့်အိမ်ထောင်စုများကို ကျူးကျော်နေထိုင်သူများ (ငှားရမ်းခ ပေးသည်ဖြစ်စေ၊ သို့မဟုတ် မပေးသည်ဖြစ်စေ) အိမ်မဲ့ယာမဲ့များနှင့် တရားဝင် သဘောတူညီမှု စာချုပ်စာတမ်းမရှိဘဲ နေထိုင်သည့် အိမ်ထောင်စုများဟု အဓိပ္ပာယ် ဖွင့်ပါသည်။ စစ်တမ်းမှ စာရင်းအင်း အချက်အလက်များအရ ကျေးလက်နှင့် မြို့ပြတွင် အိမ်ထောင်စုအားလုံး နီးပါးသည် အာမခံချက်ရှိသည့် နေထိုင်ပိုင်ခွင့်ရ၍ ၉၉% ရှိပါသည်။ ဆင်းရဲသည့် အိမ်ထောင်စုများနှင့် မဆင်းရဲသည့် အိမ်ထောင်စုများတွင် ဤညွှန်ကိန်းသည် ကွဲပြား ခြားနားမှု မရှိပါ။ အာမခံချက်ရှိသည့် နေထိုင်ပိုင်ခွင့်နှင့် ပတ်သက်၍ အနိမ့်ဆုံးညွှန်းကိန်း (၉၀%) ကို တနင်္သာရီတိုင်း၏ မြို့ပြမှ မဆင်းရဲသည့် အိမ်ထောင်စုများတွင် တွေ့ရှိရပါသည်။

## ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် ၈။ဖွံ့ဖြိုးမှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်း လက်တွဲဆောင်ရွက်ရေးအား ဖြစ်ပေါ် တိုးတက်စေရန်၊

**ရည်မှန်းချက် ၁၆။ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လူငယ်များအတွက် သင့်တင့်လျောက်ပတ်၍ အကျိုးရှိသည့် အလုပ်အကိုင် ဆိုင်ရာ မဟာဗျူဟာများ တိုးမြှင့်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊**

၂၀။ ၁၅-၂၄ နှစ်အရွယ် ရှိသူများ၏ အလုပ်လက်မဲ့နှုန်းသည် ရည်မှန်းချက် ၁၆ အတွက် တရားဝင် MDG ညွှန်ကိန်း ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် လူငယ်များ၏ စီးပွားရေးနှင့် လူမှုရေးတွင် ပေါင်းစည်းပါဝင်မှုနှင့် ပိုမိုကျယ်ပြန့်သောအားဖြင့် နိုင်ငံတော် အစိုးရ၏ မူဝါဒများ၊ အစီအစဉ်များနှင့် စီးပွားရေး စွမ်းဆောင်မှု၏ အတိုင်းအတာ တစ်ခုဖြစ်ပါသည်။ စစ်တမ်းမှ စာရင်းအင်းအချက်အလက်များအရ စာရင်းနှစ်ကြိမ် ကောက်ယူမှု နှစ်ခုစလုံးတွင် ပြီးခဲ့သော ၆ လ အတွင်း ၁၅-၂၄ နှစ်အရွယ်ရှိ သူများ၏ အလုပ်လက်မဲ့နှုန်း[၁၂]သည် ၄% ဖြစ်ပါသည်။ စာရင်းနှစ်ကြိမ် ကောက်ယူမှု နှစ်ခုစလုံးတွင် ကျေးလက်နှင့် မြို့ပြ အလုပ်လက်မဲ့နှုန်းမှာ သိသာစွာ ကွဲပြားခြားနား၍ ၃% နှင့် ၁၀% အသီးသီး ရှိကြပါသည်။ ဆင်းရဲသူများ၏ အလုပ်လက်မဲ့နှုန်းမှာ မဆင်းရဲသူ များထက် လျော့နည်းပြီး အမျိုးသမီးများ၏ အလုပ်လက်မဲ့နှုန်းသည်လည်း အမျိုးသားများထက် လျော့နည်းပါသည်။ စာရင်းနှစ်ကြိမ် ကောက်ယူမှုမှ အများဆုံးကွဲလွဲချက်ကို ချင်းပြည်နယ်တွင် တွေ့ရှိရ၍ ပထမအကြိမ် စာရင်းကောက်ယူရာတွင် ၁၀% ရှိပြီး ဒုတိယအကြိမ်တွင် ၅% ရှိပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် အလုပ်လက်မဲ့နှုန်းသည် သိသာစွာ ကွဲပြားခြားနား၍ ရခိုင်ပြည်နယ်တွင် အမြင့်မားဆုံးနှုန်းနှင့် ကယားပြည်နယ်တွင် အနိမ့်ဆုံးနှုန်းကို တွေ့ရှိရပါသည်။

[၁၂] အလုပ်လက်မဲ့များမှာ သတ်မှတ်ရည်ညွှန်းသောကာလအတွင်း အလုပ်အကိုင်မရှိဘဲ အလုပ်အကိုင်ရရှိရေးအတွက် အသင့်ရှိသူများဖြစ်၍ လုပ်ခရ အလုပ်အကိုင်ရှာဖွေသူများနှင့် ကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်ရန် ပြင်ဆင်နေသူများ ဖြစ်ကြပါသည်။

# အတိုကောက် စကားလုံးများ

| | |
|---|---|
| FPL | Food Poverty Line |
| PL | Poverty Line |
| SD | State/Division |
| UNDP | United Nations Development Programme |
| WHO | World Health Organization |

# ဇယားများနှင့် ပုံများ စာရင်း

**ဇယားများ**

ဇယား ၁-၁။ အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး (%) ................ ၁၈
ဇယား ၁-၂။ ဆင်းရဲနွမ်းပါးသူ အချိုး (%) ................ ၁၈
ဇယား ၁-၃။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး ................ ၂၀
ဇယား ၁-၄။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်း အချိုး ................ ၂၀
ဇယား ၁-၅။ တစ်မျိုးသားလုံးသုံးစွဲမှုတွင်အဆင်းရဲဆုံးငါးစိတ်တစ်စိတ်(၂၀%)၏ ဝေစု(%) ................ ၂၁
ဇယား ၁-၆။ ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ၅ နှစ် အောက် ကလေး ဦးရေ ပျံ့နှံ့မှု (%) (ဒုတိယ အကြိမ် စစ်တမ်း) ................ ၂၃
ဇယား ၂-၁။ မူလတန်းပညာရေးတွင် အသားတင်ကျောင်းဝင်နှုန်း (ပထမ အကြိမ် စစ်တမ်း) ................ ၂၅
ဇယား ၂-၂။ ၁၅-၂၄ နှစ်အရွယ် ရှိသူများ၏ စာတတ်မြောက်မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ................ ၂၆
ဇယား ၃-၁။ မူလတန်းအဆင့်ကျောင်းဝင်သည့် မိန်းကလေး နှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း) ................ ၂၈
ဇယား ၃-၂။ အလယ်တန်းနှင့် အထက်တန်း ပညာရေးရှိ မိန်းကလေး နှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း) ................ ၂၉
ဇယား ၃-၃။ ၁၅-၂၄နှစ် အရွယ်ရှိ သော စာတတ်မြောက်သူ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ဒုတိယ အကြိမ် စစ်တမ်း) ................ ၃၀
ဇယား ၃-၄။ လယ်ယာမဟုတ်သော ကဏ္ဍ၌ လုပ်ခရ အလုပ်အကိုင်တွင် ၁၅ နှစ်နှင့်အထက် အမျိုးသမီးများ ဝေစု(%) (ပထမ အကြိမ် စစ်တမ်း) ................ ၃၁
ဇယား ၃-၅။ လယ်ယာမဟုတ်သော ကဏ္ဍ၌ လုပ်ခရ အလုပ်အကိုင်တွင် ၁၅ နှစ်နှင့်အထက် အမျိုးသမီးများ ဝေစု(%) (ဒုတိယ အကြိမ် စစ်တမ်း) ................ ၃၁
ဇယား ၄-၁။ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် ၁ နှစ်အရွယ်ကလေးများ(%) (ဒုတိယအကြိမ် စစ်တမ်း) ................ ၃၃
ဇယား ၅-၁။ ကျွမ်းကျင်သည့်ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှု အချိုး (လွန်ခဲ့သော ၅နှစ် အတွင်းမွေးဖွားမှု များ၏%) (ဒုတိယ အကြိမ် စစ်တမ်း) ................ ၃၅
ဇယား ၆-၁။ အစိုင်အခဲ လောင်စာများ သုံးစွဲသည့် လူဦးရေ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ................ ၃၇
ဇယား ၆-၂။ အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေ ဇာစ်မြစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး (ပထမ အကြိမ် စစ်တမ်း) ................ ၃၉
ဇယား ၆-၃။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး စနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ................ ၄၀
ဇယား ၆-၄။ အာမခံချက်ရှိသော နေထိုင်ပိုင်ခွင့်ရရှိသည့် အိမ်ထောင်စုများ(%) (ပထမ အကြိမ် စစ်တမ်း) ................ ၄၁
ဇယား ၇-၁။ လွန်ခဲ့သော ၆ လအတွင်း ၁၅-၂၄ နှစ်အရွယ်ရှိသူများ၏ အလုပ်လက်မဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း) ................ ၄၃
ဇယား ၇-၂။ လွန်ခဲ့သော ၆ လအတွင်း ၁၅-၂၄ နှစ်အရွယ်ရှိသူများ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ................ ၄၃
ဇယား ၈၂-၁။ အခြားတောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများ ရှိ ဆင်းရဲနွမ်းပါးမှုအချိုး ................ ၄၈

ဇယား က၂-၂။ ရွေးချယ်ထားသော အာရှနိုင်ငံများမှ ကျန်းမာရေးဆိုင်ရာ ညွှန်ကိန်းများ ...... ၄၈
ဇယား က၂-၃။ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် ၇။ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မှချသေချာစေရန် အတွက် ညွှန်ကိန်းများ ...... ၄၉
ဇယား က၂-၄။ ပညာရေးဆိုင်ရာ ညွှန်ကိန်းများ ...... ၄၉

## ပုံများ

ပုံ (၁) အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး (%) ...... ၁၆
ပုံ (၂) ဆင်းရဲနွမ်းပါးသူ အချိုး (%) ...... ၁၇
ပုံ (၃) ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး ...... ၁၉
ပုံ (၄) ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်းအချိုး ...... ၁၉
ပုံ (၅) တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲ ဆုံး ငါးစိတ်တစ်စိတ် (၂၀%)၏ ဝေစု (%) ...... ၂၁
ပုံ (၆) ပုံမှန် ကိုယ်အလေးချိန် (အသင့်အတင့်) မပြည့်သော ၅ နှစ်အောက် ကလေး ဦးရေ ပျံ့နှံ့မှု (ဒုတိယ အကြိမ် စစ်တမ်း) ...... ၂၂
ပုံ (၇) မူလတန်းပညာရေးတွင် အသားတင် ကျောင်း ဝင်နှုန်း (ပထမ အကြိမ် စစ်တမ်း) ...... ၂၄
ပုံ (၈) မူလတန်း ပညာရေးရှိ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း) ...... ၂၇
ပုံ (၉) ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီး သည့် ၁ နှစ်အရွယ် ကလေးဦးများ အချိုး (ဒုတိယ အကြိမ် စစ်တမ်း) ...... ၃၂
ပုံ (၁၀) ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်း များဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး (ဒုတိယ အကြိမ် စစ်တမ်း) ...... ၃၄
ပုံ (၁၁) ကောင်းမွန်သည့် ရေဇာစ်မြစ်အား အစဉ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး (ပထမ အကြိမ် စစ်တမ်း) ...... ၃၈
ပုံ (၁၂) ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး (ပထမ အကြိမ် စစ်တမ်း) ...... ၃၈

# နိဒါန်းနှင့် ရည်ရွယ်ချက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် အလှူရှင် အဖွဲ့အစည်းများအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အိမ်ထောင်စုစားဝတ်နေရေး ဆိုင်ရာ အဓိက သွင်ပြင် လက္ခဏာအားလုံး၏ ခိုင်လုံကိုးစားနိုင်ပြီး နောက်ဆုံးအခြေအနေကို ဘက်ပေါင်းစုံ လေ့လာမှု ပြုပေးရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် ကုလ သမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) တို့သည် ၂၀၀၃ -၂၀၀၅ခုနှစ်အတွင်း အိမ်ထောင်စု စားဝတ် နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း IHLCAကို အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူညီ ခဲ့ကြပါသည်။ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန (MNPED) အောက်ရှိ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန (PD)သည် UNDP၏ ဘဏ္ဍာရေး ဆိုင်ရာအကူအညီနှင့် IDEA International Institute ၏ နည်းပညာဆိုင်ရာ အကူအညီများကို ရယူပြီး ဗဟို စာရင်းအင်း အဖွဲ့နှင့် ပူးပေါင်း၍ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း IHLCA လုပ်ငန်း စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ဤလုပ်ငန်းစီမံချက်၏ အကျိုးရလဒ်များမှာ -

- ၂၀၀၃ခုနှစ် ဒီဇင်ဘာလအတွင်းခေါင်းစဉ် အလိုက် ဦးတည်အုပ်စု (၂၂၄) အုပ်စု ဆွေးနွေးပွဲများ အပါအဝင် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအပေါ် ပြည်သူများ၏သိမြင်နားလည်မှုနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် အရည်အသွေး ဆိုင်ရာ လေ့လာမှု။ ဤလေ့လာမှု၏ တွေ့ရှိချက်များကို ၂၀၀၄ ခုနှစ် ဇူလိုင်လ အတွင်း စာအုပ် (၄)တွဲ[၁၃]ဖြင့် ပုံနှိပ်ထုတ်ဝေပြီး ဖြစ်ပါသည်။
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အိမ်ထောင်စု ဦးရေ ၁၈၆၆၀၏ အချက်အလက် များကို နှစ်ကြိမ် (၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလနှင့် ၂၀၀၅ ခုနှစ်မေလ) ကောက်ယူသည့် အရေအတွက် ဆိုင်ရာ စစ်တမ်း။
- ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ သတင်း အချက်အလက် စီမံခန့်ခွဲမှု စနစ် (PMIS)

IHLCA စာရင်းအင်း အချက်အလက်များအား ပထမလေ့လာ ဆန်းစစ်မှုအရ အစီရင်ခံစာ (၄) မျိုးကို ပြုစုနိုင်ခဲ့ပါသည်။

- မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း၊ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာ တင်ပြချက်၊
- မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း၊ ဆင်းရဲ နွမ်းပါးခြင်း ဖြစ်လွယ်မှု ဆိုင်ရာ သတင်း အချက် အလက်များ၊
- မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း၊ ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် ဆိုင်ရာ သတင်း အချက်အလက်များ (ဤ အစီရင်ခံစာ)
- မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း၊ အရေအတွက် ဆိုင်ရာ စစ်တမ်း အတွက် နည်းပညာ ဆိုင်ရာ အစီရင်ခံစာ[၁၄]

[၁၃] အိမ်ထောင်စုစားဝတ်နေရေးအခြေအနေအပေါ် အရည်အသွေးဆိုင်ရာလေ့လာမှု၊ အတွဲ ၁ - နည်းစနစ်ပိုင်း ဆိုင်ရာ ပညာရပ်၊ အတွဲ ၂ - ပြည်ထောင်စုအဆင့်စုပေါင်းတင်ပြမှု၊ အတွဲ ၃ - ပြည်နယ်နှင့် တိုင်းအလိုက်စုပေါင်းတင်ပြမှု၊ အတွဲ ၄ - အဓိက တွေ့ရှိချက်များ အကျဉ်းချုပ် (၂၀၀၄ ဇူလိုင်လ)

[၁၄] စစ်တမ်း၏ အသေးစိတ် နည်းစနစ်ပိုင်း ဆိုင်ရာ ပညာရပ် အတွက် ကျေးဇူးပြု၍ IHLCA ၏ အရည်အတွက်ဆိုင်ရာ နည်းပညာ အစီရင်ခံစာကို ကိုးကား ကြည့်ရှုရန် ဖြစ်ပါသည်။

ဤအစီရင်ခံစာ ပြုစုခြင်း၏ ရည်ရွယ်ချက်မှာ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များအား စောင့်ကြည့်စစ်ဆေးနိုင်ရန် ဆက်စပ်သည့် ညွှန်ကိန်းများ၏ အခြေအနေကို အစီရင်ခံ တင်ပြရန် ဖြစ်ပါသည်။ သို့သော် ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် အားလုံးကို လွှမ်းခြုံ မဖော်ပြနိုင်ခြင်းနှင့် နှစ်များစွာအတွင်း ပန်းတိုင်များ၏ ပြောင်းလဲဖြစ်ပေါ်ပုံ အလားအလာကို ဆန်းစစ်နိုင်စွမ်း မရှိသဖြင့် ဤ အစီရင်ခံစာအား MDG အစီရင်ခံစာ တစ်စောင် အဖြစ် ရည်ရွယ်ခဲ့ခြင်း မရှိပါ။ IHLCA အရေအတွက် ဆိုင်ရာ စစ်တမ်းက သတ်မှတ်ထားသော MDG ညွှန်ကိန်း (၄၈) ခုအနက် ညွှန်ကိန်း (၁၆)ခု ကို တွက်ချက် နိုင်စေခဲ့ပါသည်။ ဤညွှန်ကိန်း (၁၆) ခုကို ဆက်စပ်မှု ရှိသည့် MDG[၁၅] ပန်းတိုင် တစ်ရပ်စီအတွက် အစဉ်လိုက် တင်ပြအပ်ပါသည်။

[၁၅] HIV/AIDS နှင့် သက်ဆိုင်သည့် ညွှန်ကိန်းကို စာရင်းကောက်ယူခြင်း မပြုသဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၆ ကို ဖော်ပြခြင်း မပြုပါ။

## ၁။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှု လုံးဝ ပပျောက်စေရန်။

ဤပန်းတိုင်ကို ကြည့်ရှု စစ်ဆေးရန် အတွက် ရည်မှန်းချက် (၂) ရပ်နှင့် ညွှန်ကိန်း (၅) ခု ရှိပါသည်။ (နောက်ဆက်တွဲ ၁ အား ကြည့်ရှုရန်)

- ရည်မှန်းချက် ၁။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း တစ်နေ့လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ အောက် ဝင်ငွေရှိသူ လူဦးရေ အချိုး အား ထက်ဝက် လျှော့ချရန်၊
- ရည်မှန်းချက် ၂။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ငတ်မွတ်ခြင်း ခံစားရသော လူဦးရေ အချိုးအား ထက်ဝက် လျှော့ချရန်၊


### *၁-၁။ ရည်မှန်းချက် ၁။ ၁၉၉၀ ပြည့်နှစ် မှ ၂၀၁၅ ခုနှစ် အတွင်း တစ်နေ့လျှင် အမေရိကန် ဒေါ်လာ တစ်ဒေါ်လာ အောက်ဝင်ငွေ ရှိသူ လူဦးရေ အချိုး အား ထက်ဝက် လျှော့ချရန်။*


ရည်မှန်းချက် ၁ အတွက် ညွှန်ကိန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး
- ဆင်းရဲနွမ်းပါးသူ အချိုး
- ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး
- ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်း အချိုး
- တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%) ၏ ဝေစု (%)

**အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး။**

ပုံ (၁) အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး (%)






အစားအစာ ဆင်းရဲချို့တဲ့သူ အချိုးမှာ တစ်မျိုးသားလုံး သတ်မှတ်စံနှုန်းအရ အစားအစာ ချို့တဲ့သည်ဟု ယူဆရသည့်နိုင်ငံတော်လူဦးရေ အချိုး ကို တိုင်းတာပါသည်။ အစားအစာ ဆင်းရဲချို့တဲ့သူ အချိုးကို အစားအစာချို့တဲ့မှုမျဉ်းအောက် နိမ့်ကျသော အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီ ပြုထားသည့် စားသုံးစရိတ်ရှိသူများ၏အချိုးဟု အဓိပ္ပါယ် ဖွင့်ပါသည်။ ဤညွှန်ကိန်းသည် အစားအစာ လိုအပ်ချက်ကို ဖြည့်ဆည်းရန် စားသုံးစရိတ် လုံလောက်မှု မရှိသည့် အိမ်ထောင်စုများအား ရည်ညွှန်းပါသည်။ ပြည်ထောင်စု အဆင့်တွင် လူဦးရေ၏ ၁၀% သည် အစားအစာချို့တဲ့မှု မျဉ်းအောက် ကျရောက် လျက် ရှိပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် ယင်းအချိုးများ ကွဲပြားခြားနားမှု ကြီးမားပါသည်။ အစားအစာ ဆင်းရဲချို့တဲ့မှု အမြင့်ဆုံးသည် ချင်းပြည်နယ်ဖြစ်၍ အစားအစာ ဆင်းရဲချို့တဲ့သူအချိုး ၄၀% ရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ်

(အရှေ့ပိုင်း) တို့တွင်လည်း မြင့်မားကြပါသည်။ အစားအစာ ဆင်းရဲချို့တဲ့မှု အနိမ့်ဆုံးမှာ ကရင်ပြည်နယ်တွင် ဖြစ်၍ ၂% ရှိပြီး ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့တွင်လည်း လျော့နည်းကြပါသည်။ ***(ဇယား ၁-၁ နှင့် ပုံ ၁ ကို ကြည့်ပါ)***

## ဆင်းရဲနွမ်းပါးသူအချိုး

ပုံ (၂) ဆင်းရဲနွမ်းပါးသူ အချိုး (%)



ဆင်းရဲနွမ်းပါးသူအချိုးသည် တစ်မျိုးသားလုံး သတ်မှတ်စံနှုန်းအရ ဆင်းရဲနွမ်းပါးသည်ဟု ယူဆရသည့် နိုင်ငံတော် လူဦးရေအချိုးအား စောင့်ကြည့်စစ်ဆေးနိုင်စေပါသည်။ ဆင်းရဲနွမ်းပါးသူ အချိုးဆိုသည်မှာ ဆင်းရဲနွမ်းပါးမှုမျဉ်း အောက်နိမ့်ကျသော အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီပြုထားသည့် အသုံးစရိတ် ရှိသူများ၏အချိုး ဖြစ်ပါသည်။ ဤအိမ်ထောင်စုများမှာ အခြေခံအစားအစာနှင့် အစားအစာ မဟုတ်သော အခြားလိုအပ်ချက်များကို ဖြည့်ဆည်းရန် သုံးစွဲစရိတ်လုံလောက်မှု မရှိသည့်အိမ်ထောင်စုများ ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် ဆင်းရဲနွမ်းပါးသူ အချိုးသည် ၃၂% ဖြစ်ပါသည်။ သို့သော် ဤရာခိုင်နှုန်းဖြင့် ပြည်နယ်နှင့် တိုင်းများအတွင်း အရေးပါသော ဆင်းရဲနွမ်းပါးမှု ခြားနားချက်၊ ကွာဟချက်များကို ထင်ဟပ် ဖော်ပြနိုင်ခြင်း မရှိပါ။ ချင်းပြည်နယ်သည် ပြည်နယ်နှင့် တိုင်းများအနက် အဆင်းရဲဆုံးဖြစ်၍ ဆင်းရဲ နွမ်းပါးသူ အချိုး ၇၃% ရှိပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၅၂%)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)(၅၁%) တို့တွင်လည်း ဆင်းရဲနွမ်းပါးသူအချိုး မြင့်မားကြပါသည်။ ဆင်းရဲနွမ်းပါးသူအချိုး အနိမ့်ဆုံးသည် ကရင်ပြည်နယ် ဖြစ်၍ ၁၂% ရှိပြီး ရန်ကုန်တိုင်း (၁၅%) နှင့် မွန်ပြည်နယ် (၂၂%) တွင်လည်း ဆင်းရဲနွမ်းပါးသူ အချိုး လျော့နည်းကြကြောင်း တွေ့ရှိရပါသည်။ ***(ဇယား ၁-၂ နှင့် ပုံ ၂ ကို ကြည့်ပါ)***

ဇယား ၁-၁။ အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး (%)[၁၆]

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ဖြစ်ပေါ်မှု (%) | အဆင့် | ဖြစ်ပေါ်မှု (%) | အဆင့် | ဖြစ်ပေါ်မှု (%) | အဆင့် |
| ကရင် | ၂ | ၁ | ၀ | ၁ | ၂ | ၁ |
| ရန်ကုန် | ၅ | ၄ | ၄ | ၂ | ၄ | ၂ |
| မွန် | ၄ | ၂ | ၈ | ၁၁ | ၅ | ၃ |
| ပဲခူး (အရှေ့) | ၅ | ၃ | ၁၂ | ၁၆ | ၆ | ၄ |
| ပဲခူး (အနောက်) | ၇ | ၅ | ၅ | ၅ | ၇ | ၅ |
| စစ်ကိုင်း | ၈ | ၆ | ၄ | ၃ | ၈ | ၆ |
| ဧရာဝတီ | ၁၀ | ၇ | ၉ | ၁၅ | ၁၀ | ၇ |
| မန္တလေး | ၁၃ | ၁၀ | ၆ | ၇ | ၁၁ | ၈ |
| တနင်္သာရီ | ၁၂ | ၈ | ၉ | ၁၄ | ၁၁ | ၉ |
| ရခိုင် | ၁၃ | ၉ | ၇ | ၉ | ၁၂ | ၁၀ |
| ကယား | ၁၇ | ၁၄ | ၅ | ၄ | ၁၃ | ၁၁ |
| ရှမ်း (တောင်) | ၁၄ | ၁၂ | ၈ | ၁၀ | ၁၃ | ၁၂ |
| မကွေး | ၁၄ | ၁၁ | ၇ | ၈ | ၁၃ | ၁၃ |
| ကချင် | ၁၇ | ၁၃ | ၉ | ၁၃ | ၁၄ | ၁၄ |
| ရှမ်း (အရှေ့) | ၂၃ | ၁၆ | ၈ | ၁၂ | ၂၀ | ၁၅ |
| ရှမ်း (မြောက်) | ၂၂ | ၁၅ | ၁၆ | ၁၇ | ၂၁ | ၁၆ |
| ချင်း | ၄၉ | ၁၇ | ၅ | ၆ | ၄၀ | ၁၇ |
| **ပြည်ထောင်စု** | **၁၁** | | **၆** | | **၁၀** | |


ဇယား ၁-၂။ ဆင်းရဲနွမ်းပါးသူ အချိုး (%)


| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ဖြစ်ပေါ်မှု (%) | အဆင့် | ဖြစ်ပေါ်မှု (%) | အဆင့် | ဖြစ်ပေါ်မှု (%) | အဆင့် |
| ကရင် | ၁၂ | ၁ | ၈ | ၁ | ၁၂ | ၁ |
| ရန်ကုန် | ၁၇ | ၂ | ၁၄ | ၂ | ၁၅ | ၂ |
| မွန် | ၂၀ | ၃ | ၂၃ | ၅ | ၂၂ | ၃ |
| စစ်ကိုင်း | ၂၇ | ၄ | ၂၂ | ၄ | ၂၇ | ၄ |
| ဧရာဝတီ | ၃၀ | ၆ | ၂၄ | ၈ | ၂၉ | ၅ |
| ပဲခူး (အရှေ့) | ၃၀ | ၅ | ၃၅ | ၁၄ | ၃၁ | ၆ |
| ပဲခူး (အနောက်) | ၃၄ | ၇ | ၂၃ | ၆ | ၃၃ | ၇ |
| ကယား | ၃၈ | ၉ | ၂၆ | ၁၂ | ၃၄ | ၈ |
| တနင်္သာရီ | ၃၇ | ၈ | ၂၀ | ၃ | ၃၄ | ၉ |
| ရခိုင် | ၄၁ | ၁၀ | ၂၆ | ၉ | ၃၈ | ၁၀ |
| မန္တလေး | ၄၅ | ၁၃ | ၂၄ | ၇ | ၃၉ | ၁၁ |
| ရှမ်း (တောင်) | ၄၄ | ၁၂ | ၂၆ | ၁၁ | ၄၀ | ၁၂ |
| မကွေး | ၄၄ | ၁၁ | ၂၆ | ၁၀ | ၄၂ | ၁၃ |
| ကချင် | ၄၇ | ၁၄ | ၃၈ | ၁၆ | ၄၄ | ၁၄ |
| ရှမ်း (မြောက်) | ၅၅ | ၁၅ | ၃၅ | ၁၃ | ၅၁ | ၁၅ |
| ရှမ်း (အရှေ့) | ၅၆ | ၁၆ | ၃၇ | ၁၅ | ၅၂ | ၁၆ |
| ချင်း | ၈၁ | ၁၇ | ၄၆ | ၁၇ | ၇၃ | ၁၇ |
| **ပြည်ထောင်စု** | **၃၆** | | **၂၂** | | **၃၂** | |

[၁၆] ဇယားများအားလုံးတွင် အကောင်းဆုံး အခြေအနေနှင့် ကိုက်ညီမှုရှိသည့် တန်ဖိုးကို အဆင့် ၁ အဖြစ် သတ်မှတ် ပေးထားပြီး အဆိုးဆုံး အခြေအနေကို အဆင့် ၁၇ အဖြစ်သတ်မှတ် ပေးထားပါသည်။

## ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး

ပုံ (၃) ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး







ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုးသည် ဆင်းရဲနွမ်းပါးခြင်း၏ နက်ရှိုင်းမှုကို တိုင်းတာပြီး ဆင်းရဲနွမ်းပါးသူများ၏ ဆင်းရဲနွမ်းပါးမှုပြ မျဉ်းအောက် ပျမ်းမျှ ကွာဟချက်ကို ဆင်းရဲနွမ်းပါးသူဦးရေနှင့် မြှောက်၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ဤအချိုးအား ဆင်းရဲနွမ်းပါးမှုပြ မျဉ်းအောက်ရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၏ သုံးစွဲမှုအား ဆင်းရဲနွမ်းပါးမှုပြ မျဉ်းအထိ တိုးမြှင့်ရန် လိုအပ်သည့် ငွေကြေးပမာဏကို ခန့်မှန်းရာတွင် အသုံးပြုနိုင်ပါသည်။ ပြည်ထောင်စုအဆင့်တွင် ဆင်းရဲနွမ်းပါးမှုကွာဟချက်အချိုးမှာ ၀.၀၇ ဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရန် လိုအပ်သည့် စုစုပေါင်း ငွေကြေးပမာဏသည် ဆင်းရဲ နွမ်းပါးမှုပြ မျဉ်းအရ သတ်မှတ်ငွေကြေး၏ ၇%ကို လူဦးရေ (မှန်ကန်တိကျစွာ သတ်မှတ်ဦးတည်ထားပြီး အဟန့်အတားဖြစ်စေသည့် အကျိုးသက်ရောက်မှု စသည်တို့ မရှိဟုယူဆလျက်) ဖြင့် မြှောက်ခြင်းနှင့်ညီမျှပါသည်။ ဆင်းရဲနွမ်းပါး မှုကွာဟချက် အချိုးမှာ ပြည်နယ်နှင့် တိုင်းများအကြား ကွဲပြားမှုများ ရှိပါသည်။ အမြင့်ဆုံး ကွာဟချက်ကို ချင်းပြည်နယ် (၀.၂၃) တွင် တွေ့ရှိရပြီး ထို့နောက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) (၀.၁၂) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၀.၁၂) တို့ရှိကြပါသည်။ အနိမ့်ဆုံး ကွာဟချက်များကို ကရင်ပြည်နယ် (၀.၀၂)၊ ရန်ကုန်တိုင်း(၀.၀၃)နှင့် မွန်ပြည်နယ်(၀.၀၄) တို့တွင် တွေ့ရှိ ရပါသည်။ ***(ဇယား ၁-၃ နှင့် ပုံ ၃ ကို ကြည့်ပါ)***

## ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်း အချိုး

ပုံ (၄) ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်းအချိုး





ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်းသည် ဆင်းရဲနွမ်းပါးခြင်း လွန်ကဲမှုကိုပြသည့်ညွှန်ကိန်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးနှင့် ကွဲပြားခြားနားမှုမှာ ဤညွှန်ကိန်းသည် အဆင်းရဲဆုံး အိမ်ထောင်စုများ (ဆင်းရဲနွမ်းပါးမှုမျဉ်းမှ အဝေးကွာဆုံး အိမ်ထောင်စုများ)အား ပိုမိုအလေးပေးထားခြင်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်းကို ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးနှင့် အလားတူ အလိုလို သိသည့်အဓိပ္ပာယ် ဖော်ဆောင်နိုင်ခြင်း မရှိပါ။ ဤညွှန်ကိန်းသည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် အမြင့်ဆုံး ဖြစ်၍ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ် တို့ တွင် အနိမ့်ဆုံး ဖြစ်ပါသည်။ ***(ဇယား ၁-၄ နှင့် ပုံ ၄ ကို ကြည့်ပါ)***

ဇယား ၁-၃။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကွာဟချက် | အဆင့် | ကွာဟချက် | အဆင့် | ကွာဟချက် | အဆင့် |
| ကရင် | ၀.၀၂ | ၁ | ၀.၀၁ | ၁ | ၀.၀၂ | ၁ |
| ရန်ကုန် | ၀.၀၃ | ၂ | ၀.၀၃ | ၂ | ၀.၀၃ | ၂ |
| မွန် | ၀.၀၃ | ၃ | ၀.၀၅ | ၈ | ၀.၀၄ | ၃ |
| စစ်ကိုင်း | ၀.၀၅ | ၅ | ၀.၀၃ | ၃ | ၀.၀၅ | ၄ |
| ပဲခူး (အရှေ့) | ၀.၀၅ | ၄ | ၀.၀၇ | ၁၆ | ၀.၀၅ | ၅ |
| ပဲခူး (အနောက်) | ၀.၀၆ | ၆ | ၀.၀၄ | ၄ | ၀.၀၅ | ၆ |
| ဧရာဝတီ | ၀.၀၆ | ၇ | ၀.၀၅ | ၁၁ | ၀.၀၆ | ၇ |
| ကယား | ၀.၀၉ | ၁၀ | ၀.၀၄ | ၅ | ၀.၀၇ | ၈ |
| ရခိုင် | ၀.၀၈ | ၉ | ၀.၀၅ | ၆ | ၀.၀၇ | ၉ |
| တနင်္သာရီ | ၀.၀၈ | ၈ | ၀.၀၅ | ၁၂ | ၀.၀၇ | ၁၀ |
| မန္တလေး | ၀.၀၉ | ၁၁ | ၀.၀၅ | ၇ | ၀.၀၇ | ၁၁ |
| ရှမ်း (တောင်) | ၀.၀၉ | ၁၃ | ၀.၀၅ | ၉ | ၀.၀၈ | ၁၂ |
| မကွေး | ၀.၀၉ | ၁၂ | ၀.၀၅ | ၁၀ | ၀.၀၈ | ၁၃ |
| ကချင် | ၀.၁၁ | ၁၄ | ၀.၀၇ | ၁၅ | ၀.၁၀ | ၁၄ |
| ရှမ်း (အရှေ့) | ၀.၁၃ | ၁၅ | ၀.၀၆ | ၁၃ | ၀.၁၂ | ၁၅ |
| ရှမ်း (မြောက်) | ၀.၁၄ | ၁၆ | ၀.၀၈ | ၁၇ | ၀.၁၂ | ၁၆ |
| ချင်း | ၀.၂၇ | ၁၇ | ၀.၀၆ | ၁၄ | ၀.၂၃ | ၁၇ |
| **ပြည်ထောင်စု** | **၀.၀၇** | | **၀.၀၄** | | **၀.၀၇** | |

ဇယား ၁-၄။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်း အချိုး


| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကွာဟချက် | အဆင့် | ကွာဟချက် | အဆင့် | ကွာဟချက် | အဆင့် |
| ကရင် | ၀.၀၀ | ၁ | ၀.၀၀ | ၁ | ၀.၀၀ | ၁ |
| ရန်ကုန် | ၀.၀၁ | ၃ | ၀.၀၁ | ၃ | ၀.၀၁ | ၂ |
| မွန် | ၀.၀၁ | ၂ | ၀.၀၁ | ၇ | ၀.၀၁ | ၃ |
| ပဲခူး (အရှေ့) | ၀.၀၁ | ၄ | ၀.၀၂ | ၁၆ | ၀.၀၁ | ၄ |
| ပဲခူး (အနောက်) | ၀.၀၁ | ၅ | ၀.၀၁ | ၄ | ၀.၀၁ | ၅ |
| စစ်ကိုင်း | ၀.၀၁ | ၆ | ၀.၀၁ | ၂ | ၀.၀၁ | ၆ |
| ဧရာဝတီ | ၀.၀၂ | ၇ | ၀.၀၂ | ၁၂ | ၀.၀၂ | ၇ |
| ရခိုင် | ၀.၀၂ | ၈ | ၀.၀၁ | ၆ | ၀.၀၂ | ၈ |
| ကယား | ၀.၀၃ | ၁၂ | ၀.၀၁ | ၅ | ၀.၀၂ | ၉ |
| မန္တလေး | ၀.၀၂ | ၁၀ | ၀.၀၁ | ၉ | ၀.၀၂ | ၁၀ |
| တနင်္သာရီ | ၀.၀၂ | ၉ | ၀.၀၂ | ၁၅ | ၀.၀၂ | ၁၁ |
| မကွေး | ၀.၀၃ | ၁၁ | ၀.၀၁ | ၁၁ | ၀.၀၂ | ၁၂ |
| ရှမ်း (တောင်) | ၀.၀၃ | ၁၃ | ၀.၀၁ | ၈ | ၀.၀၃ | ၁၃ |
| ကချင် | ၀.၀၄ | ၁၄ | ၀.၀၂ | ၁၄ | ၀.၀၃ | ၁၄ |
| ရှမ်း (အရှေ့) | ၀.၀၅ | ၁၅ | ၀.၀၁ | ၁၀ | ၀.၀၄ | ၁၅ |
| ရှမ်း (မြောက်) | ၀.၀၅ | ၁၆ | ၀.၀၃ | ၁၇ | ၀.၀၄ | ၁၆ |
| ချင်း | ၀.၁၂ | ၁၇ | ၀.၀၂ | ၁၃ | ၀.၁၀ | ၁၇ |
| **ပြည်ထောင်စု** | **၀.၀၂** | | **၀.၀၁** | | **၀.၀၂** | |


ဇယား ၁-၅။ တစ်မျိုးသားလုံးသုံးစွဲမှုတွင်အဆင်းရဲဆုံးငါးစိတ်တစ်စိတ်(၂၀%)၏ ဝေစု(%)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ပါဝင်မှု (%) | အဆင့် | ပါဝင်မှု (%) | အဆင့် | ပါဝင်မှု (%) | အဆင့် |
| ပဲခူး (အရှေ့) | ၁၃.၀ | ၄ | ၁၂.၅ | ၁ | ၁၂.၉ | ၁ |
| မွန် | ၁၃.၁ | ၃ | ၁၁.၆ | ၆ | ၁၂.၈ | ၂ |
| ပဲခူး (အနောက်) | ၁၂.၉ | ၅ | ၁၂.၃ | ၂ | ၁၂.၈ | ၃ |
| မန္တလေး | ၁၃.၂ | ၂ | ၁၁.၈ | ၄ | ၁၂.၇ | ၄ |
| မကွေး | ၁၂.၆ | ၆ | ၁၁.၄ | ၇ | ၁၂.၅ | ၅ |
| စစ်ကိုင်း | ၁၂.၆ | ၇ | ၁၁.၂ | ၁၀ | ၁၂.၃ | ၆ |
| ရခိုင် | ၁၂.၄ | ၉ | ၁၁.၉ | ၃ | ၁၂.၃ | ၇ |
| ကရင် | ၁၂.၅ | ၈ | ၁၁.၁ | ၁၁ | ၁၂.၃ | ၈ |
| ရန်ကုန် | ၁၃.၂ | ၁ | ၁၁.၈ | ၅ | ၁၂.၀ | ၉ |
| ရှမ်း (အရှေ့) | ၁၁.၈ | ၁၁ | ၁၀.၉ | ၁၂ | ၁၁.၆ | ၁၀ |
| ဧရာဝတီ | ၁၁.၇ | ၁၃ | ၁၀.၈ | ၁၃ | ၁၁.၅ | ၁၁ |
| ရှမ်း (မြောက်) | ၁၁.၈ | ၁၂ | ၁၀.၆ | ၁၄ | ၁၁.၅ | ၁၂ |
| ကယား | ၁၂.၄ | ၁၀ | ၁၀.၀ | ၁၇ | ၁၁.၃ | ၁၃ |
| ကချင် | ၁၁.၆ | ၁၄ | ၁၀.၁ | ၁၆ | ၁၁.၂ | ၁၄ |
| တနင်္သာရီ | ၁၀.၇ | ၁၆ | ၁၁.၃ | ၈ | ၁၀.၉ | ၁၅ |
| ချင်း | ၁၀.၇ | ၁၇ | ၁၁.၃ | ၉ | ၁၀.၉ | ၁၆ |
| ရှမ်း (တောင်) | ၁၀.၈ | ၁၅ | ၁၀.၆ | ၁၅ | ၁၀.၇ | ၁၇ |
| ပြည်ထောင်စု | ၁၂.၄ | | ၁၁.၆ | | ၁၂.၂ | |

## တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%) ၏ ဝေစု

ပုံ (၅) တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲ ဆုံး ငါးစိတ်တစ်စိတ် (၂၀%)၏ ဝေစု (%)





တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ်(၂၀%)၏ ဝေစုမှာ မညီမျှမှု၏ အတိုင်းအတာတစ်ခု ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် စုစုပေါင်း သုံးစွဲမှုတွင် လူဦးရေ၏ အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%)က ပါဝင်သုံးစွဲမှု ရာခိုင်နှုန်း ဆိုင်ရာ သတင်းအချက်အလက်ကို ဖော်ပြပေးပါသည်။ ဤညွှန်ကိန်းသည် ရည်မှန်းချက် ၁ အတွက် တရားဝင် တတိယ MDG ညွှန်ကိန်း ဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်တွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%)သည် စုစုပေါင်းသုံးစွဲမှု အသုံးစရိတ်၏ ၁၂.၂% ကို သုံးစွဲပါသည်။ ပြည်နယ်နှင့် တိုင်းများတွင် ဤညွှန်ကိန်းသည် ထူးခြားစွာ ကွဲပြားမှုမရှိပဲ ၁၀.၇% နှင့် ၁၂.၉% အတွင်း ရှိကြပါသည်။ အနိမ့်ဆုံး ပါဝင်မှု ရာခိုင်နှုန်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့တွင်ဖြစ်၍ အမြင့်ဆုံးပါဝင်မှု ရာခိုင်နှုန်းမှာ ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း)တို့တွင် ဖြစ်ပါသည်။ ***(ဇယား ၁-၅ နှင့် ပုံ ၅ကို ကြည့်ပါ)***


## ၁-၂။ ရည်မှန်းချက် ၂။ ၁၉၉ဝ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း ငတ်မွတ်ခြင်း ခံစားရသော လူဦးရေ အချိုးအား ထက်ဝက် လျှော့ချရန်။


ရည်မှန်းချက် ၂ အား စစ်ဆေး ကြည့်ရှုရန် ညွှန်ကိန်း နှစ်ခုအနက် တစ်ခုအား ဖော်ပြပါသည်။

- ပုံမှန် ကိုယ်အလေးချိန် (အသင့်အတင့်) မပြည့်သော ၅ နှစ်အောက် ကလေး ဦးရေ ပျံ့နှံ့မှု

**ပုံမှန်ကိုယ်အလေးချိန်(အသင့်အတင့်) မပြည့်သော ၅ နှစ်အောက် ကလေး ဦးရေ ပျံ့နှံ့မှု**

ပုံ (၆) ပုံမှန် ကိုယ်အလေးချိန် (အသင့်အတင့်) မပြည့်သော ၅ နှစ်အောက် ကလေး ဦးရေ ပျံ့နှံ့မှု (ဒုတိယ အကြိမ် စစ်တမ်း)





ရည်မှန်းချက် ၂ အတွက် တရားဝင် ပထမ MDG ညွှန်ကိန်းမှာ ပုံမှန်ကိုယ်အလေးချိန် မပြည့်သော ၅နှစ် အောက် ကလေးဦးရေ ပျံ့နှံ့မှု ဖြစ်ပါသည်။[၁၇] ဤညွှန်ကိန်းသည် ဆင်းရဲနွမ်းပါးမှု၊ ပညာရေး အဆင့်နိမ့်ကျမှု၊ ကျန်းမာရေး၊ အညစ်အကြေး သန့်ရှင်းရေး စနစ်နှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ချို့တဲ့စွာ ရရှိမှုတို့နှင့် ဆက်နွယ်နေပါသည်။[၁၈] ဤညွှန်ကိန်းကို အသက်အုပ်စု ဝ-၅၉လအရွယ် နိုင်ငံတကာ ရည်ညွှန်း လူဦးရေအတွက် ကိုယ်အလေးချိန်၏ တစ်ဝက်ကိန်းမှ အနုတ်စံတိမ်းချက် နှစ်ဆထက် လျော့နည်းသည့်၊ အသက်အလိုက် ကိုယ်အလေးချိန်ရှိသော ၅နှစ်အောက် ကလေးများ အချိုး [၁၉]အဖြစ် အဓိပ္ပါယ် ဖွင့်ပါသည်။ ပြည်ထောင်စု အဆင့်တွင် ပုံမှန်ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ

[၁၇] ရည်မှန်းချက် ၂ အတွက် တရားဝင် ဒုတိယ MDG ညွှန်ကိန်းဖြစ်သည့် အစားအစာမှခွန်အားရရှိရန် စားသုံးမှု အနည်းဆုံးအဆင့် အောက်ရှိ လူဦးရေအချိုးကို ဤစစ်တမ်း ပါ စာရင်း အချက်အလက်များမှ တွက်ချက်ဖော်ပြနိုင်ခြင်း မရှိပါ။

[၁၈] ကလေးများကို ကိုယ်အလေးချိန်ရာတွင် ဆော်လတာ (Salter)အလေးချိန်တိုင်း ကိရိယာကို အသုံးပြုပါသည်။ ကိုယ်အလေးချိန်ကို နှစ်ဦးသီးခြား ဖတ်ယူမှတ်တမ်းပြု၍ တစ်ဦးမှာ ရပ်ရွာသူနာပြုဆရာမ(ဝါ)သားဖွားဆရာမဖြစ်ပြီး ကျန်တစ်ဦးမှာ စစ်တမ်းစာရင်း ကောက်ယူတွက်ချက်သူ ဖြစ်ပါသည်။

[၁၉] အသက်အရရှိသင့်သော ကိုယ်အလေးချိန် ညွှန်ကိန်းမှာ နှစ်အလိုက်ရှိသည့် အသက်နှင့် ခန္ဓာကိုယ်အလေးချိန် ဆက်နွယ်မှုကို ထင်ဟပ်ဖော်ပြခြင်းဖြစ်၍ ယင်းညွှန်ကိန်းကို ကလေး၏အရပ်မြင့်မားမှု (အသက်အရရှိသင့်သော အရပ်အမြင့်)နှင့် အရပ်အမြင့်အတွက် ရှိသင့်သော ကိုယ်အလေးချိန်တို့က အဆုံးအဖြတ်ပြုပါသည်။ ဤညွှန်ကိန်း၏ ပေါင်းစပ်မှု သဘောသဘာဝ အရ အဓိပ္ပာယ် ဖော်ဆောင်ရာတွင် ရှုပ်ထွေးမှုများ ရှိပါသည်။
ဥပမာ - အသက်အရရှိသင့်သော ကိုယ်အလေးချိန် သတ်မှတ်ချက်သည် အရပ်နိမ့်ပြီးလုံလောက်သော ကိုယ်အလေးချိန်ရှိသော ကလေးနှင့် အရပ်မြင့်၍ ပိန်သောကလေး နှစ်ဦးတို့ကို ညွှန်ပြခွဲခြား ဖော်ပြနိုင်ခြင်း မရှိပါ။ အသက်နှင့် ယှဥ်ပါက အရပ်နိမ့်ခြင်း (သို့မဟုတ်) မထွားကျိုင်းခြင်း (ကြီးထွားနှုန်းတန့်နေခြင်း)သည် ကာလရှည်စွာ နေ့စဥ်ပရိုတိန်း သုံးစွဲရရှိမှု မလုံလောက်ခြင်းကြောင့် စုစည်းဖြစ်ပေါ်လာသည့် စံမမီသော ကြီးထွားမှုကို တိုင်းတာပြပါသည်။ အရပ်အမြင့်နှင့် ယှဥ်လျှင် ကိုယ်အလေးချိန် လျော့နည်းခြင်း (သို့မဟုတ်) ကိုယ်လုံးကိုယ်ထည် သေးငယ်ခြင်း (ကြုံလှီခြင်း)သည် အများအားဖြင့် လွန်မင်းစွာ ငတ်မွတ်ခြင်း (သို့မဟုတ်) ပြင်းထန်စွာ ရောဂါခံစားရမှုနှင့် ဆက်စပ်ဖြစ်ပေါ်လေ့ရှိသည့် မကြာသေးမီကာလ၌ ဖြစ်ပေါ်ခဲ့သည့် ကိုယ်အလေးချိန် လျော့ကျလာမှုကို ညွှန်ပြပါသည်။ အကြောင်း အပေါင်းမသင့်သဖြင့် ထောက်ပံ့ပို့ဆောင်ရေး မလွယ်ကူသည့် အကြောင်းအချက်များကြောင့်၊ အရပ်အမြင့်ကို တိုင်းတာခြင်းမပြုရန် ဆုံးဖြတ်ထား၍ ၅ နှစ်အောက်ကလေးများ၏ မထွားကျိုင်းခြင်းနှင့် ကိုယ်လုံးကိုယ်ထည် သေးငယ်ခြင်း ဖြစ်ပေါ်ပျံ့နှံ့မှုကို တိုင်းတာရန် မဖြစ်နိုင်ခဲ့ပါ။

ပျံ့နှံ့မှုမှာ ၃၄% ဖြစ်ပါသည်။ ကျေးလက်တွင် မြို့ပြထက် ပျံ့နှံ့မှု အနည်းငယ် မြင့်မား၍ ၃၅% ရှိပြီး မြို့ပြတွင် ၃၂% အသီးသီး ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများတွင် မဆင်းရဲသော အိမ်ထောင်စုများထက် ပုံမှန်ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှု ပိုမို မြင့်မား၍ ၃၈% ရှိပြီး မဆင်းရဲသော အိမ်ထောင်စုများတွင် ၃၂% အသီးသီး ရှိပါသည်။ အသင့်အတင့် အာဟာရ မပြည့်ဝခြင်း ပျံ့နှံ့မှုအားဖြင့် ယောကျာ်းကလေးနှင့် မိန်းကလေးတို့မှာ ထူးခြားစွာ ကွဲပြားမှု မရှိကြပါ။ ပြည်နယ်နှင့် တိုင်းများအကြားတွင် အရေးပါသော ကွဲပြားခြားနားမှုများရှိကြောင်း တွေ့ရှိရပါသည်။ အသင့်အတင့် အာဟာရချို့တဲ့ခြင်းသည် အမြင့်မားဆုံးအဖြစ် ရခိုင်ပြည်နယ်တွင် ၆၀% ရှိပြီး မကွေးတိုင်းတွင် ၄၂% နှင့် ဧရာဝတီတိုင်းတွင် ၃၆% ရှိကြပါသည်။ အနိမ့်ဆုံးမှာ ကယားပြည်နယ်တွင် ၂၀% ရှိပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တွင် ၂၄% နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၂၅% အသီးသီး ရှိကြပါသည်။ ***(ဇယား ၁-၆ နှင့် ပုံ ၆ ကို ကြည့်ပါ)***

ဇယား ၁-၆။ ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ၅ နှစ် အောက် ကလေး ဦးရေ ပျံ့နှံ့မှု (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | ကျား/မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | မ | ကျား | တန်ဖိုး | အဆင့် |
| ကယား | ၂၀.၅ | ၂၂.၃ | ၁၃.၆ | ၂၅.၆ | ၃၅.၅ | ၆.၅ | ၂၁.၀ | ၁ |
| ပဲခူး (အနောက်) | ၂၃.၂ | ၃၇.၃ | ၂၅.၁ | ၂၃.၅ | ၂၈.၉ | ၁၉.၂ | ၂၄.၂ | ၂ |
| ရှမ်း (အရှေ့) | ၂၆.၀ | ၂၂.၉ | ၂၆.၅ | ၂၃.၈ | ၃၃.၀ | ၁၉.၁ | ၂၅.၃ | ၃ |
| ရှမ်း (မြောက်) | ၂၆.၅ | ၂၆.၉ | ၃၂.၃ | ၂၀.၅ | ၂၇.၇ | ၂၅.၂ | ၂၆.၆ | ၄ |
| ရန်ကုန် | ၃၀.၉ | ၂၅.၉ | ၃၆.၃ | ၂၄.၉ | ၂၃.၁ | ၃၂.၀ | ၂၇.၁ | ၅ |
| ကချင် | ၂၉.၄ | ၂၃.၈ | ၃၆.၃ | ၂၁.၅ | ၂၆.၉ | ၂၉.၉ | ၂၈.၂ | ၆ |
| တနင်္သာရီ | ၃၂.၀ | ၁၆.၉ | ၃၁.၈ | ၂၇.၃ | ၃၀.၉ | ၂၇.၁ | ၂၈.၉ | ၇ |
| စစ်ကိုင်း | ၂၇.၆ | ၃၈.၁ | ၃၃.၉ | ၂၆.၆ | ၃၁.၆ | ၂၅.၈ | ၂၈.၉ | ၈ |
| ကရင် | ၂၉.၆ | ၃၂.၂ | ၈.၀ | ၃၂.၇ | ၂၉.၅ | ၃၀.၄ | ၃၀.၀ | ၉ |
| ချင်း | ၃၀.၇ | ၃၈.၂ | ၃၀.၁ | ၃၅.၆ | ၃၀.၆ | ၃၃.၁ | ၃၁.၇ | ၁၀ |
| ပဲခူး (အရှေ့) | ၃၁.၄ | ၃၄.၂ | ၃၆.၄ | ၂၉.၄ | ၂၈.၅ | ၃၅.၁ | ၃၁.၈ | ၁၁ |
| မန္တလေး | ၃၄.၀ | ၃၀.၄ | ၃၄.၁ | ၃၂.၃ | ၃၃.၂ | ၃၃.၀ | ၃၃.၁ | ၁၂ |
| ရှမ်း (တောင်) | ၃၆.၁ | ၂၃.၄ | ၃၄.၇ | ၃၃.၈ | ၃၆.၀ | ၃၂.၉ | ၃၄.၂ | ၁၃ |
| မွန် | ၃၄.၃ | ၃၉.၂ | ၃၇.၉ | ၃၄.၀ | ၃၉.၆ | ၃၁.၁ | ၃၅.၁ | ၁၄ |
| ဧရာဝတီ | ၃၆.၀ | ၃၇.၉ | ၄၀.၁ | ၃၄.၂ | ၃၃.၇ | ၃၉.၀ | ၃၆.၂ | ၁၅ |
| မကွေး | ၄၂.၅ | ၄၁.၄ | ၄၆.၇ | ၃၈.၅ | ၄၃.၁ | ၄၁.၇ | ၄၂.၄ | ၁၆ |
| ရခိုင် | ၅၈.၅ | ၈၀.၂ | ၅၉.၇ | ၆၁.၁ | ၆၃.၈ | ၅၆.၄ | ၆၀.၅ | ၁၇ |
| **ပြည်ထောင်စု** | **၃၅.၁** | **၃၀.၅** | **၃၈.၀** | **၃၂.၂** | **၃၄.၅** | **၃၄.၂** | **၃၄.၄** | |

# ၂။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၂။ ကမ္ဘာအနှံ့ မူလတန်းပညာ တတ်မြောက်ကြစေရန်။


## *၂-၁။ ရည်မှန်းချက် ၃။ ၂၀၁၅ ခုနှစ်တွင် ကလေးသူငယ်များ၊ ယောကျ်ား ကလေးနှင့် မိန်းကလေး အားလုံး မူလတန်းပညာ ပြီးမြောက်နိုင်စေရန်၊*


ဤပန်းတိုင်အား စောင့်ကြည့် စစ်ဆေးရန် ရည်မှန်းချက် ၁ရပ်နှင့် ညွှန်ကိန်း ၃ခုရှိပါသည်(နောက်ဆက်တွဲ၁အားကြည့်ရှုရန်)။ ဤစစ်တမ်းတွင် ညွှန်ကိန်းများအနက် ညွှန်ကိန်း ၂ခုကိုသာ လွှမ်းခြုံပါသည်။

- မူလတန်းပညာရေးတွင် အသားတင်ကျောင်းဝင်နှုန်း
- ၁၅-၂၄နှစ်အရွယ်ရှိသူများ၏ စာတတ်မြောက်မှုနှုန်း

### မူလတန်းအဆင့် အသားတင် ကျောင်းဝင်နှုန်း

ပုံ (၇) မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း (ပထမ အကြိမ် စစ်တမ်း)





ရည်မှန်းချက် (၃) အတွက် တရားဝင် ပထမ MDG ညွှန်ကိန်းမှာ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း ဖြစ်ပါသည်[၂၀]။ ဤညွှန်ကိန်းမှာ တရားဝင် မူလတန်း ကျောင်းနေနိုင်သည့် အသက်အရွယ်ရှိသော မူလတန်း ကျောင်းသားဦးရေနှင့် တရားဝင် မူလတန်း ကျောင်းနေနိုင်သည့် အသက်အရွယ်ရှိသောလူဦးရေအချိုး ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ကျောင်းသင်ပညာရေးစနစ်၏ လွှမ်းခြုံနိုင်မှုနှင့် စွမ်းဆောင်ရည်ကို တိုင်းတာဖော်ပြသည့် ညွှန်ကိန်း ဖြစ်ပါသည်။ ပြည်ထောင်စု တစ်ဝန်းလုံး၌ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်းမှာ ၈၅% ဖြစ်ပါသည်။ ကျေးလက်တွင် ဤညွှန်ကိန်းသည် အနည်းငယ် လျော့နည်းပြီး ၈၄% ရှိ၍ မြို့ပြတွင် မြင့်မားကာ ၈၈% ရှိပါသည်။ ဤညွှန်ကိန်းအရ နှိုင်းယှဉ်ပါက ဆင်းရဲသော အိမ်ထောင်စုများတွင် ပိုမိုလျော့နည်း၍ ၈၀% ရှိပြီး မဆင်းရဲသော အိမ်ထောင်စုများတွင် ၈၇% ရှိပါသည်။ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း အနိမ့်ဆုံးမှာ ရခိုင်ပြည်နယ်တွင် ၆၇% ဖြစ်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင်လည်း နိမ့်ကျကြပြီး အမြင့်ဆုံးမှာ ကယားပြည်နယ်တွင် ၉၃% ဖြစ်ပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း တို့တွင်လည်း မြင့်မားကြပါသည်။ ***(ဇယား ၂-၁ နှင့် ပုံ ၇ ကို ကြည့်ပါ)***

[၂၀] ရည်မှန်းချက် ၃ ၏ တရားဝင် ဒုတိယ MDG ညွှန်ကိန်းဖြစ်သည့် သူငယ်တန်းတွင် စတင်သင်ကြားပြီး စတုတ္ထတန်းအထိ တက်ရောက် သင်ကြားခဲ့သည့် ကျောင်းသားအချိုးကို ဤစစ်တမ်း၏ စာရင်းအင်း အချက်အလက်များမှ တွက်ယူနိုင်ခြင်း မရှိပါ။

ဇယား ၂-၁။ မူလတန်းပညာရေးတွင် အသားတင်ကျောင်းဝင်နှုန်း (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၈၉.၂ | ၁၀၀.၀ | ၈၄.၈ | ၉၇.၂ | ၉၃.၁ | ၁ |
| စစ်ကိုင်း | ၉၁.၃ | ၇၉.၇ | ၉၁.၁ | ၈၉.၇ | ၉၀.၁ | ၂ |
| မန္တလေး | ၈၉.၀ | ၈၉.၁ | ၈၅.၂ | ၉၁.၇ | ၈၉.၀ | ၃ |
| ကချင် | ၈၈.၂ | ၈၉.၆ | ၈၈.၀ | ၈၉.၀ | ၈၈.၆ | ၄ |
| မကွေး | ၈၇.၅ | ၈၈.၉ | ၈၆.၄ | ၈၈.၇ | ၈၇.၆ | ၅ |
| ဧရာဝတီ | ၈၇.၁ | ၉၁.၂ | ၈၅.၀ | ၈၈.၇ | ၈၇.၆ | ၆ |
| ရန်ကုန် | ၈၄.၁ | ၈၉.၂ | ၈၂.၂ | ၈၉.၀ | ၈၇.၅ | ၇ |
| ကရင် | ၈၆.၀ | ၉၀.၉ | ၇၇.၇ | ၈၈.၂ | ၈၆.၄ | ၈ |
| တနင်္သာရီ | ၈၆.၀ | ၈၇.၈ | ၇၉.၀ | ၈၉.၇ | ၈၆.၃ | ၉ |
| ပဲခူး (အနောက်) | ၈၃.၉ | ၈၉.၆ | ၈၂.၃ | ၈၅.၄ | ၈၄.၄ | ၁၀ |
| ပဲခူး (အရှေ့) | ၈၂.၉ | ၉၁.၅ | ၇၂.၇ | ၈၉.၉ | ၈၄.၂ | ၁၁ |
| မွန် | ၈၁.၂ | ၉၂.၉ | ၇၇.၁ | ၈၄.၇ | ၈၂.၉ | ၁၂ |
| ချင်း | ၈၁.၀ | ၈၃.၁ | ၈၀.၅ | ၈၄.၁ | ၈၁.၄ | ၁၃ |
| ရှမ်း (တောင်) | ၇၉.၂ | ၇၉.၄ | ၇၂.၄ | ၈၃.၇ | ၇၉.၂ | ၁၄ |
| ရှမ်း (မြောက်) | ၇၆.၃ | ၈၉.၃ | ၇၄.၃ | ၈၃.၈ | ၇၉.၀ | ၁၅ |
| ရှမ်း (အရှေ့) | ၇၆.၀ | ၈၃.၃ | ၇၆.၈ | ၇၈.၆ | ၇၇.၆ | ၁၆ |
| ရခိုင် | ၆၅.၃ | ၇၄.၂ | ၅၈.၉ | ၇၂.၁ | ၆၆.၇ | ၁၇ |
| **ပြည်ထောင်စု** | **၈၄.၀** | **၈၇.၆** | **၈၀.၁** | **၈၇.၂** | **၈၄.၇** | |

## ၁၅-၂၄ နှစ် အရွယ် ရှိသူများ၏ စာတတ်မြောက် မှုနှုန်း

၁၅-၂၄ နှစ်အရွယ် ရှိသူများ၏ စာတတ်မြောက်မှုနှုန်း[၂၁]ကို ရည်မှန်းချက်(၃) အား စောင့်ကြည့် စစ်ဆေးသည့် ဖြည့်စွက် ညွှန်ကိန်းတစ်ခု အဖြစ် အသုံးပြုပေမည်။ ယင်းညွှန်ကိန်းသည် ပြည်ထောင်စု အဆင့်တွင် ၉၂% ဖြစ်၍ ကျေးလက်တွင် မြို့ပြထက် အနည်းငယ် လျော့နည်းပြီး ၉၁% ရှိ၍ မြို့ပြတွင် ၉၆% အသီးသီး ရှိကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုဝင်များသည် မဆင်းရဲသော အိမ်ထောင်စုဝင်များထက် စာတတ်မြောက်မှုနှုန်းလျော့နည်းပြီး ၈၈%ရှိ၍ မဆင်းရဲသော အိမ်ထောင်စုဝင်များတွင် ၉၄% အသီးသီး ရှိကြပါသည်။ ဤညွှန်ကိန်းသည် ပြည်နယ်နှင့် တိုင်းများ အကြားတွင် ကွဲပြားခြားနားပါသည်။ စာတတ်မြောက်မှုနှုန်းအနိမ့်ဆုံးမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၅၅%၊ ရခိုင်ပြည်နယ်တွင် ၇၁%၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၇၉%နှင့် အမြင့်ဆုံးမှာ ရန်ကုန်တိုင်း၊ ဧရာဝတီ တိုင်းနှင့် စစ်ကိုင်းတိုင်းတို့ ဖြစ်ပြီး ၉၇% အသီးသီး ရှိကြပါသည်။ ***(ဇယား ၂-၂ ကို ကြည့်ပါ)***

[၂၁] IHLCA စစ်တမ်းက အခြေခံပညာရေးဦးစီးဌာန၏ စာတတ်မြောက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုပါသည်။ စာတတ်မြောက်မှုကို ၁၅နှစ်နှင့် အထက် အသက်အရွယ်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးသည် အရပ်သုံး ဘာသာစကား (ဗမာ (သို့မဟုတ်) အခြား တိုင်းရင်းသား ဘာသာစကား ၈ မျိုး)ဖြင့် သာမန်စာတစ်ပိုဒ်ကို ဖတ်ရှု နားလည်နိုင်စွမ်းရှိပြီး သာမန် အတွက်အချက်ပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်း တွက်ချက်နိုင်ပါက စာတတ်မြောက်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ထို့အတူ အခြေခံပညာ ဒုတိယတန်း အောင်မြင်သူကိုလည်း စာတတ်မြောက်သူဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် MDG ၏ စာတတ်မြောက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ညီညွတ်မှုရှိပါသည်။

ဇယား ၂-၂။ ၁၅-၂၄ နှစ်အရွယ် ရှိသူများ၏ စာတတ်မြောက်မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | ကျား/မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | မ | ကျား | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၉၄.၈ | ၉၇.၆ | ၉၂.၉ | ၉၇.၇ | ၉၅.၅ | ၉၈.၄ | ၉၆.၈ | ၁ |
| ဧရာဝတီ | ၉၆.၄ | ၉၈.၃ | ၉၅.၃ | ၉၇.၃ | ၉၆.၃ | ၉၇.၀ | ၉၆.၇ | ၂ |
| စစ်ကိုင်း | ၉၆.၅ | ၉၇.၁ | ၉၆.၃ | ၉၆.၇ | ၉၆.၃ | ၉၆.၉ | ၉၆.၆ | ၃ |
| မန္တလေး | ၉၅.၆ | ၉၇.၅ | ၉၅.၁ | ၉၆.၉ | ၉၅.၀ | ၉၇.၃ | ၉၆.၁ | ၄ |
| မွန် | ၉၅.၆ | ၉၆.၈ | ၉၀.၀ | ၉၇.၄ | ၉၆.၂ | ၉၅.၅ | ၉၅.၉ | ၅ |
| ပဲခူး (အနောက်) | ၉၅.၁ | ၉၇.၃ | ၉၂.၂ | ၉၇.၂ | ၉၅.၀ | ၉၅.၇ | ၉၅.၄ | ၆ |
| ကယား | ၉၁.၉ | ၉၈.၇ | ၉၃.၁ | ၉၅.၇ | ၉၅.၉ | ၉၃.၃ | ၉၄.၇ | ၇ |
| ကချင် | ၉၂.၉ | ၉၈.၂ | ၉၁.၁ | ၉၆.၉ | ၉၅.၈ | ၉၂.၆ | ၉၄.၂ | ၈ |
| မကွေး | ၉၃.၄ | ၉၈.၉ | ၈၉.၄ | ၉၇.၂ | ၉၂.၈ | ၉၅.၀ | ၉၃.၈ | ၉ |
| ပဲခူး (အရှေ့) | ၉၁.၉ | ၉၃.၄ | ၉၀.၆ | ၉၂.၉ | ၉၁.၂ | ၉၃.၁ | ၉၂.၁ | ၁၀ |
| တနင်္သာရီ | ၉၁.၈ | ၉၁.၂ | ၈၉.၃ | ၉၃.၀ | ၉၂.၉ | ၉၀.၄ | ၉၁.၇ | ၁၁ |
| ကရင် | ၉၀.၉ | ၉၄.၈ | ၉၂.၄ | ၉၁.၃ | ၉၄.၂ | ၈၈.၆ | ၉၁.၅ | ၁၂ |
| ချင်း | ၈၇.၆ | ၉၅.၉ | ၉၀.၈ | ၈၄.၈ | ၈၇.၂ | ၉၂.၁ | ၈၉.၅ | ၁၃ |
| ရှမ်း (တောင်) | ၇၉.၆ | ၉၄.၂ | ၇၆.၆ | ၈၇.၉ | ၈၃.၆ | ၈၂.၁ | ၈၂.၈ | ၁၄ |
| ရှမ်း (မြောက်) | ၇၇.၀ | ၈၆.၁ | ၇၅.၀ | ၈၃.၀ | ၇၉.၄ | ၇၇.၈ | ၇၈.၆ | ၁၅ |
| ရခိုင် | ၆၆.၇ | ၈၅.၈ | ၆၀.၈ | ၇၆.၇ | ၆၈.၄ | ၇၂.၈ | ၇၀.၆ | ၁၆ |
| ရှမ်း (အရှေ့) | ၄၇.၈ | ၈၄.၁ | ၄၆.၄ | ၆၆.၃ | ၅၇.၉ | ၅၃.၂ | ၅၅.၄ | ၁၇ |
| **ပြည်ထောင်စု** | **၉၀.၆** | **၉၅.၉** | **၈၇.၆** | **၉၄.၁** | **၉၁.၄** | **၉၂.၃** | **၉၁.၉** | |

## ၃။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၃။ ကျား၊ မ တန်းတူ ညီမျှရေးအား မြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့် ရရှိစေရန်။

ဤပန်းတိုင်အား စောင့်ကြည့် စစ်ဆေးရန်အတွက် ရည်မှန်းချက် ၁ ရပ်နှင့် ညွှန်ကိန်း ၄ ခုရှိပါသည်။ (နောက်ဆက်တွဲ ၁ တွင် ကြည့်ရှုရန်)


### *၃-၁။ ရည်မှန်းချက် ၄။ ဖြစ်နိုင်ပါက ၂၀၀၅ ခုနှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေး၌ ကျား၊ မ အခွင့်အရေး မတူညီမှု ပပျောက်စေရန်နှင့် ၂၀၁၅ ခုနှစ် ထက် နောက်မကျစေဘဲ ပညာရေးအဆင့်အားလုံး၌ ဖယ်ရှားပြီး ဖြစ်ရန်။*


ဤစစ်တမ်းသည် ညွှန်ကိန်း(၃) ခုကို လွှမ်းခြုံပါသည်။

- မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးရှိ မိန်းကလေးနှင့် ယောကျ်ား ကလေး အချိုး
- ၁၅-၂၄ နှစ် အရွယ်ရှိသော စာတတ်မြောက်သူ မိန်းကလေးနှင့် ယောကျ်ား ကလေး အချိုး
- လယ်ယာ မဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရ အလုပ်အကိုင်များတွင် အမျိုးသမီးများ၏ ဝေစု

### မူလတန်း ပညာရေးရှိ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး

ပုံ (၈) မူလတန်း ပညာရေးရှိ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း)





ရည်မှန်းချက် ၄[၂၂] အတွက် တရားဝင် ပထမ MDGညွှန်ကိန်းမှာ မူလတန်း ပညာရေးရှိ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး ဖြစ်ပါသည်။ ယင်းညွှန်ကိန်းသည် ကျောင်းနေရန် စာရင်းသွင်းမှုအရ ကျားနှင့်မ ပညာရေး အခွင့်အလမ်း တန်းတူညီမျှမှုကို တိုင်းတာပါသည်။ ပြည်ထောင်စု အဆင့်၌ မူလတန်း ပညာရေးတွင် ကျား၊ မ အချိုးမှာ ၉၆ (ကျား ၁၀၀ လျှင်) ဖြစ်ပါသည်။ ယင်းညွှန်ကိန်းမှာ ကျေးလက်တွင် မြို့ပြထက် ပိုမိုမြင့်မား၍ ၉၈ ရှိပြီး မြို့ပြတွင် ၈၈ ရှိပါသည်။ ဆင်းရဲသူများတွင် မဆင်းရဲသူများထက်

[၂၂] ရည်မှန်းချက် ၄ အတွက် တရားဝင် နောက်ဆုံး MDG ညွှန်ကိန်းဖြစ်သည့် အမျိုးသားလွှတ်တော်တွင် အမျိုးသမီး ကိုယ်စားလှယ်များ၏ ပါဝင်မှု အချိုးမှာ မြန်မာနိုင်ငံနှင့် ဆီလျော်ဆက်စပ်မှုမရှိပါ။ အခြားတရားဝင်ညွှန်ကိန်းများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ညွှန်ကိန်းပိုမိုမြင့်မား ၍ ၁၀၁ ရှိပြီး မဆင်းရဲသူများတွင် ၉၄ ရှိပါသည်။ ဤညွှန်ကိန်းသည် ပြည်နယ်နှင့် တိုင်းများ အကြားတွင် သိသာစွာ ကွဲပြားမှုများ ရှိပါသည်။ မကွေးတိုင်း၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းများတွင် ညွှန်ကိန်း သည် ၁၀၀ အထက်တွင်ရှိ၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်း (အရှေ့ပိုင်း) တွင် ၈၅ ရှိပါသည်။ ***(ဇယား ၃-၁ နှင့် ပုံ ၈ ကို ကြည့်ပါ)***

## အလယ်တန်းနှင့် အထက်တန်း ပညာရေးရှိ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး

ရည်မှန်းချက် ၄ အတွက် တရားဝင် ပထမ MDG ညွှန်ကိန်း၏ အစိတ်အပိုင်း တစ်ခုမှာလည်း အလယ်တန်းနှင့် အထက်တန်းပညာရေးရှိ မိန်းကလေး နှင့် ယောကျ်ားကလေးအချိုးဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်တွင် အချိုးမှာ ၁၀၃ (ကျား ၁၀၀ လျှင်) ဖြစ်ပါသည်။ ကျေးလက်နှင့် မြို့ပြများတွင် ကွဲပြားခြားနားမှုရှိ၍ ၁၀၄ နှင့် ၉၉ အသီးသီး ရှိကြပြီး ဆင်းရဲသူများနှင့် မဆင်းရဲသူများ အကြားတွင် ကွဲပြားခြားနားမှု မရှိကြောင်း တွေ့ရှိရပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် ဤညွှန်ကိန်းသည် သိသာစွာ ကွဲပြားမှု ရှိပါသည်။ ပြည်နယ်နှင့်တိုင်းအများစုတွင် ဤညွှန်ကိန်းသည် ၁၀၀ အထက်တွင် ရှိသော်လည်း ရခိုင်ပြည်နယ်တွင် ၇၂၊ ကယားပြည်နယ်တွင် ၇၄၊ စစ်ကိုင်းတိုင်းတွင် ၉၀ နှင့် ရန်ကုန် တိုင်းတွင် ၉၄ ရှိ၍ အထူး နိမ့်ကျလျက် ရှိပါသည်။ ***(ဇယား ၃-၂ ကို ကြည့်ပါ)***

ဇယား ၃-၁။ မူလတန်းအဆင့်ကျောင်းဝင်သည့် မိန်းကလေး နှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| မကွေး | ၁၂၄.၆ | ၆၇.၉ | ၁၃၇.၁ | ၁၀၆.၄ | ၁၂၀.၂ | ၁ |
| တနင်္သာရီ | ၁၁၁.၇ | ၉၅.၃ | ၁၀၃.၇ | ၁၁၁.၆ | ၁၀၈.၉ | ၂ |
| ဧရာဝတီ | ၁၀၀.၂ | ၉၉.၈ | ၁၀၁.၁ | ၉၉.၈ | ၁၀၀.၂ | ၃ |
| ပဲခူး (အနောက်) | ၉၉.၂ | ၉၇.၁ | ၁၀၂.၈ | ၉၆.၉ | ၉၉.၁ | ၄ |
| ကရင် | ၁၀၁.၂ | ၈၀.၅ | ၁၀၆.၃ | ၉၇.၈ | ၉၈.၉ | ၅ |
| ရှမ်း (မြောက်) | ၉၆.၇ | ၁၀၅.၀ | ၉၂.၂ | ၁၀၅.၇ | ၉၈.၃ | ၆ |
| စစ်ကိုင်း | ၉၈.၃ | ၉၀.၆ | ၁၀၅.၅ | ၉၄.၄ | ၉၇.၆ | ၇ |
| ရှမ်း (အရှေ့) | ၉၈.၅ | ၉၂.၈ | ၉၉.၇ | ၉၄.၃ | ၉၇.၃ | ၈ |
| ကယား | ၇၃.၅ | ၁၄၃.၄ | ၉၁.၈ | ၉၈.၅ | ၉၆.၃ | ၉ |
| ကချင် | ၁၀၂.၇ | ၇၆.၇ | ၁၂၃.၈ | ၇၆.၅ | ၉၆.၁ | ၁၀ |
| ချင်း | ၉၇.၆ | ၇၃.၈ | ၁၀၂.၇ | ၆၅.၅ | ၉၂.၉ | ၁၁ |
| ရန်ကုန် | ၉၇.၁ | ၈၉.၉ | ၁၁၃.၈ | ၈၇.၆ | ၉၂.၄ | ၁၂ |
| မွန် | ၉၄.၃ | ၇၉.၂ | ၁၃၀.၅ | ၈၂.၄ | ၉၁.၇ | ၁၃ |
| ရခိုင် | ၉၁.၃ | ၈၉.၄ | ၈၉.၄ | ၉၂.၀ | ၉၁.၀ | ၁၄ |
| ရှမ်း (တောင်) | ၉၀.၄ | ၇၆.၈ | ၉၉.၅ | ၈၁.၄ | ၈၈.၆ | ၁၅ |
| မန္တလေး | ၈၈.၉ | ၈၆.၃ | ၈၁.၇ | ၉၃.၄ | ၈၈.၃ | ၁၆ |
| ပဲခူး (အရှေ့) | ၈၆.၂ | ၇၁.၃ | ၇၈.၄ | ၈၆.၇ | ၈၃.၉ | ၁၇ |
| **ပြည်ထောင်စု** | **၉၈.၀** | **၈၇.၈** | **၁၀၀.၅** | **၉၃.၇** | **၉၆.၁** | |

ဇယား ၃-၂။ အလယ်တန်းနှင့် အထက်တန်း ပညာရေးရှိ မိန်းကလေး နှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| တနင်္သာရီ | ၁၃၅.၆ | ၁၄၆.၆ | ၁၄၆.၀ | ၁၃၅.၈ | ၁၃၈.၁ | ၁ |
| ရှမ်း (အရှေ့) | ၉၇.၇ | ၂၁၀.၈ | ၁၂၂.၂ | ၁၂၆.၉ | ၁၂၅.၃ | ၂ |
| ကရင် | ၁၂၂.၄ | ၁၁၂.၉ | ၇၀.၂ | ၁၂၅.၉ | ၁၂၀.၉ | ၃ |
| ရှမ်း (မြောက်) | ၁၃၁.၈ | ၉၈.၀ | ၁၅၁.၂ | ၁၀၂.၉ | ၁၁၈.၀ | ၄ |
| ဧရာဝတီ | ၁၁၃.၅ | ၁၂၆.၉ | ၉၂.၇ | ၁၂၂.၉ | ၁၁၆.၄ | ၅ |
| ပဲခူး (အရှေ့) | ၁၁၄.၄ | ၁၁၃.၀ | ၁၂၅.၅ | ၁၁၁.၄ | ၁၁၄.၁ | ၆ |
| ကချင် | ၁၁၁.၉ | ၁၀၉.၉ | ၁၁၈.၂ | ၁၀၇.၀ | ၁၁၁.၂ | ၇ |
| မကွေး | ၁၁၃.၄ | ၉၆.၈ | ၁၀၆.၁ | ၁၁၃.၆ | ၁၁၁.၀ | ၈ |
| ချင်း | ၁၀၁.၈ | ၁၂၇.၁ | ၁၂၈.၂ | ၆၅.၇ | ၁၀၈.၇ | ၉ |
| ပဲခူး (အနောက်) | ၁၀၅.၉ | ၁၀၉.၅ | ၇၉.၃ | ၁၁၅.၇ | ၁၀၆.၅ | ၁၀ |
| ရှမ်း (တောင်) | ၁၁၆.၈ | ၆၉.၄ | ၁၁၄.၉ | ၉၈.၀ | ၁၀၃.၁ | ၁၁ |
| မန္တလေး | ၁၀၁.၇ | ၁၀၁.၅ | ၁၂၀.၇ | ၉၄.၈ | ၁၀၁.၆ | ၁၂ |
| မွန် | ၉၆.၈ | ၁၁၁.၉ | ၁၂၃.၃ | ၉၇.၀ | ၁၀၀.၂ | ၁၃ |
| ရန်ကုန် | ၉၅.၃ | ၉၃.၀ | ၇၄.၀ | ၉၅.၉ | ၉၃.၅ | ၁၄ |
| စစ်ကိုင်း | ၈၈.၂ | ၁၀၀.၀ | ၆၈.၀ | ၉၈.၈ | ၉၀.၀ | ၁၅ |
| ကယား | ၇၉.၄ | ၆၆.၃ | ၈၇.၂ | ၇၁.၄ | ၇၃.၈ | ၁၆ |
| ရခိုင် | ၇၁.၅ | ၇၁.၉ | ၉၅.၂ | ၆၅.၄ | ၇၁.၇ | ၁၇ |
| ပြည်ထောင်စု | ၁၀၄.၁ | ၉၉.၃ | ၁၀၂.၂ | ၁၀၂.၆ | ၁၀၂.၅ | |

## ၁၅-၂၄နှစ် အရွယ်ရှိသော စာတတ်မြောက်သူ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး

၁၅-၂၄နှစ်အရွယ်ရှိ စာတတ်မြောက်သူ အမျိုးသမီး နှင့် စာတတ်မြောက်သူ အမျိုးသား အချိုးသည် ကျောင်းနေခြင်း၏ မျှော်မှန်းရလဒ်နှင့် အမျိုးသမီးများ ဆောင်ရွက်ပိုင်ခွင့် ရရှိမှုအတွက် အဓိက ညွှန်ကိန်းဖြစ်ပြီး စာတတ်မြောက်မှုနှင့် သင်ယူမှုဆိုင်ရာ အခွင့်အလမ်းများတွင် ကျားနှင့်မ တန်းတူညီမျှမှု တိုးတက်ရရှိလာခြင်းကို တိုင်းတာပါသည်။ ဤညွှန်ကိန်းသည် ရည်မှန်းချက် ၄ အတွက် တရားဝင်ဒုတိယ MDG ညွှန်ကိန်း ဖြစ်ပါသည်။ ၁၅-၂၄ နှစ်အရွယ်ရှိ စာတတ်မြောက်သူ အမျိုးသမီးနှင့် စာတတ်မြောက်သူအမျိုးသားအချိုးသည် ပြည်ထောင်စု အဆင့်တွင် ၉၈ (ကျား ၁၀၀ လျှင်) ရှိပါသည်။ ကျေးလက်နှင့် မြို့ပြ တွင် ဤညွှန်ကိန်းသည် အနည်းငယ် ကွဲပြားခြားနားပါသည်။ (၉၈ နှင့် ၉၉ အသီးသီး ရှိပါသည်) ပြည်နယ်နှင့် တိုင်းများ အကြားတွင် ဤညွှန်ကိန်းသည် သိသာစွာ ကွဲပြားခြားနားပါသည်။ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းများတွင် ဤညွှန်ကိန်းသည် ၁၀၀ ထက် ပိုမိုပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရခိုင်ပြည်နယ် များတွင် နိမ့်ကျပါသည်။ ***(ဇယား ၃-၃ ကို ကြည့်ပါ)***

## လယ်ယာမဟုတ်သော ကဏ္ဍ၌ လုပ်ခရ အလုပ်အကိုင်တွင် အမျိုးသမီးများ၏ ဝေစု

လုပ်သားဈေးကွက်တွင် အမျိုးသမီးလုပ်သားများ ပေါင်းစည်းပါဝင်မှုသည် အလုပ်အကိုင် အခွင့်အလမ်းနှင့် စီးပွားရေး စွမ်းရည်ဆိုင်ရာ ညွှန်ကိန်း တစ်ခုဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ရည်မှန်းချက် ၄ အတွက် တရားဝင် တတိယ MDG ညွှန်ကိန်းအဖြစ် လယ်ယာမဟုတ်သောကဏ္ဍ၌ လုပ်ခရ အလုပ်အကိုင်များတွင် အမျိုးသမီးများ၏ ဝေစုအားဖြင့် တိုင်းတာပါသည်။ စစ်တမ်းနှစ်ကြိမ် ကောက်ယူရာတွင် အနည်းငယ် ကွဲလွဲမှုများရှိနေပြီး၊ ပြည်ထောင်စုအဆင့်၌ ပထမ အကြိမ်တွင် ညွှန်ကိန်းမှာ ၄၁ % ရှိပြီး ဒုတိယ အကြိမ်၌ ၄၀% ရှိပါသည်။ စစ်တမ်းနှစ်ကြိမ် ကောက်ယူမှုအရ ကျေးလက်နှင့် မြို့ပြအတွက် ညွှန်ကိန်းများသည် လုံးဝနီးပါး တူညီမှု ရှိကြောင်း တွေ့ရှိရပါသည်။ ပထမအကြိမ် စစ်တမ်းကောက်ယူမှု တွင်ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) များတွင် မြင့်မားသော အချိုးများ (၅၈%၊ ၅၃% နှင့် ၅၁%) အသီးသီး တွေ့ရှိရပြီး နိမ့်ကျသော အချိုးများကို တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မကွေး

တိုင်းနှင့် ရန်ကုန်တိုင်း များတွင် (၃၁%၊ ၃၇%၊ ၃၈%နှင့် ၃၉%) အသီးသီး တွေ့ရှိရပါသည်။ ဒုတိယ အကြိမ် စစ်တမ်း ကောက်ယူမှုတွင် အမြင့်ဆုံးအချိုးများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ပဲခူးတိုင်း (အရှေ့ပိုင်း) တို့တွင် ၅၁%၊ ၄၇%နှင့် ၄၆% အသီးသီး တွေ့ရှိရပြီး အနိမ့်ဆုံး အချိုးများကို တနင်္သာရီတိုင်းနှင့် ဆက်လက်၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ၃၀%၊ ၃၃%နှင့် ၃၄% အသီးသီး တွေ့ရှိရပါသည်။ ပြည်နယ်နှင့်တိုင်း အဆင့်တွင် စစ်တမ်း နှစ်ကြိမ် ကောက်ယူမှု အကြား သိသာစွာ ကွဲပြား ခြားနား ပါသည်။ ပထမ အကြိမ် စစ်တမ်းနှင့် ဒုတိယ အကြိမ် စစ်တမ်း ကောက်ယူသည့် နှစ်ကြိမ် အတွင်း အမြင့်ဆုံး ကွဲလွဲချက်ကို ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ၅၈% နှင့် ၄၇% တွေ့ရှိရပြီး ဆက်လက်၍ ကယားပြည်နယ်တွင် ၅၁%နှင့် ၄၂%၊ ပဲခူးတိုင်း (အရှေ့ပိုင်း)တွင် ၅၃%နှင့် ၄၆%နှင့် ချင်းပြည်နယ်တွင် ၄၁%နှင့် ၃၄% အသီးသီး တွေ့ရှိရပါသည်။ စစ်တမ်း ကောက်ယူသည့် နှစ်ကြိမ်အကြား ကရင်ပြည်နယ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း)တို့တွင် ကွဲပြားခြားနားမှုများ မတွေ့ရှိ ရပဲ အနည်းငယ် ကွဲပြားမှုများကို မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့တွင် တွေ့ရှိရပါ သည်။ ***(ဇယား ၃-၄ နှင့် ၃-၅ ကို ကြည့်ပါ)***

ဇယား ၃-၃။ ၁၅-၂၄နှစ် အရွယ်ရှိ သော စာတတ်မြောက်သူ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ကရင် | ၁၀၆.၄ | ၁၀၀.၂ | ၁၀၅.၃ | ၁ |
| ကချင် | ၁၀၂.၅ | ၁၀၃.၈ | ၁၀၂.၉ | ၂ |
| ကယား | ၁၀၇.၁ | ၉၇.၅ | ၁၀၂.၉ | ၃ |
| ရှမ်း (တောင်) | ၁၀၀.၆ | ၉၇.၅ | ၁၀၀.၉ | ၄ |
| တနင်္သာရီ | ၁၀၀.၈ | ၁၀၀.၀ | ၁၀၀.၆ | ၅ |
| မွန် | ၉၉.၈ | ၉၈.၀ | ၉၉.၅ | ၆ |
| စစ်ကိုင်း | ၉၉.၃ | ၁၀၀.၄ | ၉၉.၄ | ၇ |
| ဧရာဝတီ | ၉၈.၁ | ၁၀၀.၃ | ၉၈.၅ | ၈ |
| ပဲခူး (အနောက်) | ၉၈.၃ | ၉၈.၆ | ၉၈.၃ | ၉ |
| ရန်ကုန် | ၉၃.၀ | ၉၈.၈ | ၉၇.၂ | ၁၀ |
| မန္တလေး | ၉၆.၃ | ၉၉.၄ | ၉၇.၁ | ၁၁ |
| မကွေး | ၉၆.၇ | ၉၈.၈ | ၉၆.၈ | ၁၂ |
| ပဲခူး (အရှေ့) | ၉၅.၇ | ၉၇.၆ | ၉၆.၀ | ၁၃ |
| ရှမ်း (မြောက်) | ၉၄.၁ | ၉၆.၇ | ၉၄.၆ | ၁၄ |
| ချင်း | ၉၄.၇ | ၉၄.၉ | ၉၄.၄ | ၁၅ |
| ရခိုင် | ၉၀.၇ | ၉၆.၁ | ၉၂.၇ | ၁၆ |
| ရှမ်း (အရှေ့) | ၇၈.၃ | ၉၆.၂ | ၈၃.၆ | ၁၇ |
| **ပြည်ထောင်စု** | **၉၇.၅** | **၉၈.၉** | **၉၇.၉** | |

ဇယား ၃-၄။ လယ်ယာမဟုတ်သော ကဏ္ဍ၌ လုပ်ခရ အလုပ်အကိုင်တွင် ၁၅ နှစ်နှင့်အထက် အမျိုးသမီးများ ဝေစု(%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ရှမ်း (တောင်) | ၇၀.၈ | ၅၃.၅ | ၅၈.၄ | ၁ |
| ပဲခူး (အရှေ့) | ၅၅.၁ | ၄၇.၉ | ၅၂.၈ | ၂ |
| ရှမ်း (အရှေ့) | ၅၃.၁ | ၅၀.၂ | ၅၁.၄ | ၃ |
| ကယား | ၅၂.၄ | ၅၀.၂ | ၅၀.၉ | ၄ |
| ကချင် | ၅၀.၇ | ၄၅.၆ | ၄၈.၁ | ၅ |
| မွန် | ၄၆.၃ | ၅၁.၀ | ၄၇.၉ | ၆ |
| ဧရာဝတီ | ၄၃.၀ | ၄၇.၆ | ၄၄.၅ | ၇ |
| စစ်ကိုင်း | ၄၅.၆ | ၄၁.၆ | ၄၄.၃ | ၈ |
| ရှမ်း (မြောက်) | ၄၆.၃ | ၄၀.၂ | ၄၂.၇ | ၉ |
| ပဲခူး (အနောက်) | ၃၁.၉ | ၅၃.၇ | ၄၂.၃ | ၁၀ |
| ကရင် | ၄၈.၇ | ၃၂.၀ | ၄၂.၃ | ၁၁ |
| ချင်း | ၂၇.၄ | ၅၈.၅ | ၄၁.၃ | ၁၂ |
| မန္တလေး | ၄၂.၅ | ၃၇.၃ | ၃၉.၇ | ၁၃ |
| ရန်ကုန် | ၄၀.၉ | ၃၈.၂ | ၃၈.၆ | ၁၄ |
| မကွေး | ၃၇.၂ | ၃၉.၅ | ၃၇.၈ | ၁၅ |
| ရခိုင် | ၃၀.၂ | ၄၂.၃ | ၃၇.၅ | ၁၆ |
| တနင်္သာရီ | ၂၈.၉ | ၄၂.၁ | ၃၁.၃ | ၁၇ |
| **ပြည်ထောင်စု** | **၄၂.၃** | **၄၀.၅** | **၄၁.၃** | |

ဇယား ၃-၅။ လယ်ယာမဟုတ်သော ကဏ္ဍ၌ လုပ်ခရ အလုပ်အကိုင်တွင် ၁၅ နှစ်နှင့်အထက် အမျိုးသမီးများ ဝေစု(%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ရှမ်း (အရှေ့) | ၅၁.၀ | ၅၀.၇ | ၅၀.၈ | ၁ |
| ရှမ်း (တောင်) | ၄၈.၄ | ၄၆.၃ | ၄၇.၁ | ၂ |
| ပဲခူး (အရှေ့) | ၄၅.၉ | ၄၇.၃ | ၄၆.၃ | ၃ |
| ကရင် | ၄၆.၇ | ၃၄.၄ | ၄၂.၄ | ၄ |
| ဧရာဝတီ | ၄၀.၇ | ၄၅.၄ | ၄၂.၄ | ၅ |
| ကယား | ၃၄.၀ | ၄၇.၈ | ၄၂.၃ | ၆ |
| ကချင် | ၄၆.၅ | ၃၈.၂ | ၄၂.၂ | ၇ |
| ပဲခူး (အနောက်) | ၃၃.၅ | ၅၃.၂ | ၄၂.၂ | ၈ |
| မွန် | ၃၈.၃ | ၄၈.၈ | ၄၁.၉ | ၉ |
| ရှမ်း (မြောက်) | ၄၈.၁ | ၃၇.၂ | ၄၁.၆ | ၁၀ |
| မန္တလေး | ၄၃.၂ | ၃၉.၄ | ၄၁.၂ | ၁၁ |
| စစ်ကိုင်း | ၄၀.၉ | ၄၁.၃ | ၄၁.၀ | ၁၂ |
| ရန်ကုန် | ၄၁.၉ | ၃၇.၂ | ၃၇.၉ | ၁၃ |
| မကွေး | ၃၃.၂ | ၃၉.၃ | ၃၅.၀ | ၁၄ |
| ချင်း | ၁၆.၅ | ၅၃.၁ | ၃၃.၉ | ၁၅ |
| ရခိုင် | ၂၃.၇ | ၃၈.၂ | ၃၂.၈ | ၁၆ |
| တနင်္သာရီ | ၂၅.၇ | ၄၅.၈ | ၂၉.၆ | ၁၇ |
| **ပြည်ထောင်စု** | **၃၉.၈** | **၃၉.၆** | **၃၉.၇** | |

## ၄။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၄။ ကလေး သေဆုံးမှု လျှော့ချရန်။

ဤပန်းတိုင်အား စောင့်ကြည့် စစ်ဆေးရန် အတွက် ရည်မှန်းချက် ၁ ရပ်နှင့် ညွှန်ကိန်း ၃ ခု ရှိပါသည်။ (နောက်ဆက်တွဲအား ကြည့်ရှုရန်)


### *၄-၁။ ရည်မှန်းချက် ၅။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း ၅ နှစ်အောက် ကလေး သေဆုံးမှုနှုန်းကို သုံးပုံနှစ်ပုံ လျှော့ချရန်။*

စစ်တမ်းက ဤရည်မှန်းချက်နှင့် သက်ဆိုင်သည့် ညွှန်ကိန်း တစ်ခုကို လွှမ်းခြုံပါသည်။

- ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသည့် ၁ နှစ်အရွယ် ကလေးများ အချိုး

**ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသည့် ၁ နှစ် အရွယ် ကလေးဦးများ အချိုး**

ပုံ (၉) ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသည့် ၁ နှစ်အရွယ် ကလေးဦးများ အချိုး (ဒုတိယ အကြိမ် စစ်တမ်း)



ရည်မှန်းချက် ၅ အတွက် တရားဝင် MDG ညွှန်ကိန်းဖြစ်သည့် ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသည့် ၁ နှစ်အရွယ် ကလေးများ အချိုးသည် နိုင်ငံတစ်နိုင်ငံတွင် ကလေးကျန်းမာရေး စောင့်ရှောက်မှုစနစ်၏ အရည်အသွေးနှင့် လွှမ်းခြုံနိုင်မှု၏ အတိုင်းအတာတစ်ခုကို ပေးပါသည်။ ဝက်သက်ရောဂါ၏ ဗိုင်းရပ်(စ)ပိုးများ ကူးစက်ပြန့်ပွားမှု ရပ်တန့်စေရန် အတွက် ရောဂါကာကွယ် ဆေးထိုးမှုလုပ်ငန်း လွှမ်းခြုံမှုသည် ၉၀% အထက်ရှိရပါမည်။ ဒုတိယအကြိမ် ကောက်ယူသည့် စစ်တမ်းအရ ပြည်ထောင်စုအဆင့်တွင် ကာကွယ်ဆေးထိုး လုပ်ငန်း လွှမ်းခြုံမှုသည် ၈၀% ရှိပါသည်။ ပြည်နယ်နှင့် တိုင်းများအကြားနှင့် အလွှာအသီးသီးတွင်မှ အရေးပါသော ကွဲပြားခြားနားမှုများ ရှိပါသည်။ ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှု အနိမ့်ဆုံးအဖြစ် ရှမ်း ပြည်နယ် (မြောက်ပိုင်း) တွင် ၆၀%၊ ချင်းပြည်နယ်တွင် ၆၃%၊ ရခိုင်ပြည်နယ်တွင် ၆၇% တွေ့ရှိရပါသည်။ ဆင်းရဲနွမ်းပါးသူများ၏ ကလေးများ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံမှု အချိုးမှာ မဆင်းရဲ သူများ၏ ကလေးများထက် အနည်းငယ် လျော့နည်းပြီး ၇၈%နှင့် ၈၁% အသီးသီး ရှိပါသည်။ ***(ဇယား ၄-၁ နှင့် ပုံ ၉ ကို ကြည့်ပါ)***

ဇယား ၄-၁။ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် ၁ နှစ်အရွယ်ကလေးများ(%) (ဒုတိယအကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရှမ်း (တောင်) | ၉၅.၈ | ၁၀၀.၀ | ၉၆.၉ | ၉၅.၂ | ၉၆.၁ | ၁ |
| ကယား | ၉၂.၅ | ၈၁.၈ | ၁၀၀.၀ | ၈၀.၇ | ၈၉.၆ | ၂ |
| မန္တလေး | ၉၀.၇ | ၈၆.၀ | ၈၃.၂ | ၉၅.၅ | ၈၉.၆ | ၃ |
| မကွေး | ၈၇.၇ | ၈၄.၆ | ၈၆.၄ | ၈၈.၆ | ၈၇.၅ | ၄ |
| ပဲခူး (အရှေ့) | ၉၀.၉ | ၅၄.၀ | ၈၅.၅ | ၈၈.၈ | ၈၇.၄ | ၅ |
| ရှမ်း (အရှေ့) | ၈၈.၃ | ၆၇.၉ | ၈၉.၆ | ၈၁.၅ | ၈၄.၆ | ၆ |
| ရန်ကုန် | ၈၆.၄ | ၇၈.၆ | ၇၁.၂ | ၈၁.၅ | ၈၀.၀ | ၇ |
| ကချင် | ၈၃.၁ | ၆၆.၉ | ၆၅.၄ | ၈၉.၆ | ၇၉.၈ | ၈ |
| မွန် | ၇၇.၈ | ၈၉.၅ | ၇၅.၀ | ၈၁.၁ | ၇၉.၅ | ၉ |
| စစ်ကိုင်း | ၇၈.၉ | ၇၈.၇ | ၇၆.၀ | ၇၉.၉ | ၇၈.၈ | ၁၀ |
| ဧရာဝတီ | ၇၈.၁ | ၈၀.၈ | ၈၀.၃ | ၇၇.၃ | ၇၈.၄ | ၁၁ |
| ကရင် | ၇၆.၁ | ၈၁.၈ | ၁၀၀.၀ | ၇၄.၉ | ၇၆.၆ | ၁၂ |
| တနင်္သာရီ | ၇၅.၈ | ၇၂.၉ | ၇၂.၅ | ၇၆.၈ | ၇၅.၂ | ၁၃ |
| ပဲခူး (အနောက်) | ၆၇.၉ | ၈၁.၃ | ၇၉.၂ | ၅၉.၄ | ၆၉.၀ | ၁၄ |
| ရခိုင် | ၆၂.၅ | ၈၇.၇ | ၆၂.၁ | ၇၀.၁ | ၆၆.၈ | ၁၅ |
| ချင်း | ၅၇.၀ | ၈၇.၉ | ၅၇.၀ | ၈၀.၇ | ၆၂.၉ | ၁၆ |
| ရှမ်း (မြောက်) | ၅၈.၃ | ၆၆.၉ | ၅၉.၄ | ၆၀.၄ | ၅၉.၉ | ၁၇ |
| **ပြည်ထောင်စု** | **၈၀.၄** | **၇၉.၇** | **၇၈.၄** | **၈၁.၄** | **၈၀.၃** | |

## ၅။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၅။ သားဖွားမိခင် ကျန်းမာရေး တိုးတက် ကောင်းမွန်စေရန် ။

ဤပန်းတိုင်အား စောင့်ကြည့် စစ်ဆေးရန် အတွက် ရည်မှန်းချက် ၁ ရပ်နှင့် ညွှန်ကိန်း ၂ ခု ရှိပါသည်။ (နောက်ဆက်တွဲကို ကြည့်ရှုရန်)


### *၅-၁။ ရည်မှန်းချက် ၆။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း သားဖွားမိခင် သေဆုံးမှုနှုန်းကို လေးပုံသုံးပုံ လျှော့ချရန်။*


စစ်တမ်းက ဤရည်မှန်းချက်နှင့် သက်ဆိုင်သည့် ညွှန်ကိန်း တစ်ခုကို လွှမ်းခြုံပါသည်။

- ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး

### ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး

ပုံ (၁၀) ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး (ဒုတိယ အကြိမ် စစ်တမ်း)





ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး မှာ ရည်မှန်းချက် ၆[၂၃] အတွက် တရားဝင်ဒုတိယ MDG ညွှန်ကိန်း ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် သားဖွားမိခင်များအား ကိုယ်ဝန်ဆောင်စဥ် ကာလ၊ မီးဖွားစဥ်ကာလနှင့် မီးဖွားပြီး ကာလများတွင် လိုအပ်သည့် ကြပ်မတ်မှု၊ စောင့်ရှောက်မှုနှင့် အကြံဥာဏ်များ ပြုနိုင်ရန်နှင့် ကလေး မွေးဖွားပေးရန်၊ မွေးကင်းစ ကလေးငယ်များအား ပြုစု စောင့်ရှောက်တတ်ရန် သင်တန်းပေးထားသော ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများ (ဆရာဝန်များ၊ သူနာပြု ဆရာမများနှင့် သားဖွားဆရာမများ)[၂၄] ကြည့်ရှု စောင့်ရှောက်သည့် မွေးဖွားမှု ရာခိုင်နှုန်းကို တိုင်းတာပါသည်။ ပြည်ထောင်စု အဆင့်တွင် မွေးဖွားမှု၏ ၇၃% မှာ ကျွမ်းကျင်ကျန်းမာရေး ဝန်ထမ်းများ၏ စောင့်ရှောက်မှုကို ရရှိပြီး မြို့ပြ(၈၉%)သည် ကျေးလက် (၆၈%)ထက် ပိုမိုမြင့်မားပါသည်။ မဆင်းရဲသော အိမ်ထောင်စုများအတွက် ဤညွှန်ကိန်း (၇၇%) သည် ဆင်းရဲသော အိမ်ထောင်စုများ အတွက် ဤညွှန်ကိန်း (၆၅%)ထက် မြင့်မား ပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် အရေးပါသော ကွာခြားမှုများရှိ၍ အခြား ပြည်နယ်နှင့် တိုင်းများနှင့် နှိုင်းယှဥ်လျှင် နိမ့်ကျသော နှုန်းများကို ချင်းပြည်နယ် (၄၅%) နှင့် ရခိုင်ပြည်နယ် (၄၉%) များတွင် တွေ့ရှိရပါသည်။ ***(ဇယား ၅-၁ ကို ကြည့်ပါ။)***

[၂၃] တရားဝင် ပထမ MDG ညွှန်ကိန်းဖြစ်သည့် သားဖွားမိခင်သေဆုံးမှုနှုန်းသည် ကြီးမားသော နမူနာ အရွယ်အစား လိုအပ်သဖြင့် ယင်းကို ဤစစ်တမ်းမှ တိကျမြင့်မားစွာဖြင့် မတွက်ချက်နိုင်ပါ။
[၂၄] မိရိုးဖလာ အရပ်လက်သည်များ ပါဝင်ခြင်းမရှိပါ။

ဇယား ၅-၁။ ကျွမ်းကျင်သည့်ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှု အချိုး (လွန်ခဲ့သော ၅နှစ် အတွင်းမွေးဖွားမှု များ၏%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| မွန် | ၉၀.၁ | ၉၆.၄ | ၉၃.၈ | ၉၀.၂ | ၉၁.၂ | ၁ |
| ရန်ကုန် | ၇၃.၁ | ၉၂.၃ | ၇၃.၀ | ၉၁.၁ | ၈၇.၅ | ၂ |
| ရှမ်း (တောင်) | ၈၅.၈ | ၉၂.၀ | ၇၉.၉ | ၉၁.၇ | ၈၆.၈ | ၃ |
| မန္တလေး | ၈၁.၉ | ၈၉.၆ | ၇၈.၄ | ၈၈.၀ | ၈၃.၉ | ၄ |
| ကယား | ၇၂.၃ | ၁၀၀.၀ | ၈၂.၇ | ၇၉.၆ | ၈၀.၈ | ၅ |
| တနင်္သာရီ | ၇၇.၆ | ၈၇.၂ | ၈၀.၀ | ၇၉.၆ | ၇၉.၇ | ၆ |
| မကွေး | ၇၅.၃ | ၈၉.၀ | ၇၂.၃ | ၇၉.၈ | ၇၆.၃ | ၇ |
| ပဲခူး (အရှေ့) | ၇၄.၆ | ၈၅.၅ | ၆၈.၅ | ၈၀.၂ | ၇၆.၂ | ၈ |
| ရှမ်း (မြောက်) | ၆၉.၈ | ၉၆.၅ | ၆၄.၁ | ၈၃.၃ | ၇၃.၉ | ၉ |
| စစ်ကိုင်း | ၆၅.၆ | ၇၉.၁ | ၆၁.၉ | ၆၉.၂ | ၆၇.၁ | ၁၀ |
| ကချင် | ၆၃.၄ | ၇၉.၄ | ၅၈.၄ | ၇၅.၄ | ၆၆.၆ | ၁၁ |
| ဧရာဝတီ | ၆၁.၄ | ၈၈.၄ | ၅၅.၉ | ၆၉.၆ | ၆၄.၈ | ၁၂ |
| ရှမ်း (အရှေ့) | ၆၀.၂ | ၈၀.၀ | ၅၂.၇ | ၇၇.၇ | ၆၃.၉ | ၁၃ |
| ပဲခူး (အနောက်) | ၅၈.၀ | ၉၃.၅ | ၅၇.၄ | ၆၂.၇ | ၆၀.၆ | ၁၄ |
| ကရင် | ၅၅.၂ | ၈၀.၄ | ၄၁.၇ | ၆၁.၀ | ၅၈.၈ | ၁၅ |
| ရခိုင် | ၄၄.၂ | ၇၃.၀ | ၃၆.၈ | ၅၆.၁ | ၄၈.၅ | ၁၆ |
| ချင်း | ၄၁.၂ | ၆၁.၆ | ၄၂.၀ | ၅၂.၁ | ၄၅.၂ | ၁၇ |
| **ပြည်ထောင်စု** | **၆၇.၉** | **၈၈.၆** | **၆၄.၆** | **၇၆.၉** | **၇၂.၅** | |

## ၆။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၇။ သဘာဝ ပတ်ဝန်းကျင် ရေရှည် တည်တံ့မှုကို မုချ သေချာစေရန်။

ပန်းတိုင် ၇[၂၅] ကို စောင့်ကြည့် စစ်ဆေးရန် ရည်မှန်းချက် ၃ ရပ်နှင့် ညွှန်ကိန်း ၈ ခု ရှိပါသည်။ (နောက်ဆက်တွဲကို ကြည့်ရှုရန်)

- ရည်မှန်းချက် ၉။ နိုင်ငံ၏ မူဝါဒနှင့် အစီအစဉ်များတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ဆိုင်ရာ အခြေခံ သဘောတရား များအား စုစည်း ပေါင်းစပ်ပေးရန်နှင့် ပတ်ဝန်းကျင် ဆိုင်ရာ သယံဇာတများကို မဆုံးရှုံးစေရန်၊
- ရည်မှန်းချက် ၁၀။ ၂၀၁၅ ခုနှစ်တွင် ဘေးကင်းသော သောက်ရေနှင့် အညစ် အကြေး သန့်ရှင်းရေး စနစ်အား အစဉ် လက်လှမ်းမီ မရရှိသည့် လူဦးရေ အချိုး ကို ထက်ဝက် လျှော့ချရန်၊
- ရည်မှန်းချက် ၁၁။ ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲသား ရပ်ကွက်နေသူ အနည်းဆုံး သန်း ၁၀၀ ၏ နေထိုင်မှုဘဝ သိသာစွာ တိုးတက် ကောင်းမွန်စေရန်၊

### *၆-၁။ ရည်မှန်းချက် ၉။ နိုင်ငံ၏ မူဝါဒနှင့် အစီအစဉ်များတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ဆိုင်ရာ အခြေခံ သဘော တရားများအား စုစည်း ပေါင်းစပ် ပေးရန်နှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ သယံဇာတများ ဆုံးရှုံးမှု လျော့နည်းသွားစေရန်။*

စစ်တမ်းက ဤရည်မှန်းချက်နှင့် သက်ဆိုင်သည့် ညွှန်ကိန်း ၁ ခုကို လွှမ်းခြုံပါသည်။

- အစိုင်အခဲ လောင်စာများ သုံးစွဲသည့် လူဦးရေ အချိုး

### အစိုင်အခဲလောင်စာများ သုံးစွဲသည့် လူဦးရေအချိုး

ရည်မှန်းချက် ၉[၂၆] အတွက် တရားဝင် MDG ညွှန်ကိန်း များအနက် ညွှန်ကိန်း တစ်ခုမှာ အစိုင်အခဲ လောင်စာများ သုံးစွဲသည့်လူဦးရေအချိုး ဖြစ်ပါသည်။ အိမ်ထောင်စုများ၏ အစိုင်အခဲလောင်စာ သုံးစွဲမှုနှင့် အိမ်တွင်း လေထု ညစ်ညမ်းမှု၊ သစ်တော ပြုန်းတီးမှု၊ မြေပြိုစားမှု၊ ဖန်လုံ အိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အကြား အရေးကြီးသော ချိတ်ဆက်မှုများ ရှိပါသည်။ စစ်တမ်း မှစာရင်းအင်း အချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေ အများစု (၉၂%) မှာ အစိုင်အခဲ လောင်စာ များကို အသုံးပြုကြပါသည်။ ကျေးလက်တွင် ၉၆% နှင့် မြို့ပြတွင် ၈၂% ရှိသဖြင့် အစိုင်အခဲ လောင်စာ သုံးစွဲမှုနှုန်းမှာ ကျေးလက်သည် မြို့ပြထက် သိသာစွာ မြင့်မားပါ သည်။ ဆင်းရဲသော အိမ်ထောင်စုများတွင် မဆင်းရဲသော အိမ်ထောင်စုများထက် အစိုင်အခဲ လောင်စာ သုံးစွဲသည့် အိမ်ထောင်စုအချိုး ပိုမို မြင့်မား ပါသည်။ ပြည်နယ်နှင့် တိုင်းများတွင် ဤညွှန်ကိန်း သည် သိသာစွာ ကွဲပြား ခြားနားပါသည်။ ရန်ကုန်တိုင်း တွင် အနိမ့်ဆုံး ၆၉% ဖြစ်၍ ပဲခူးတိုင်း (အရှေ့ပိုင်း) တွင် ၈၄% ရှိပါသည်။ ***(ဇယား ၆-၁ ကို ကြည့်ပါ။)***

[၂၅] ဤပန်းတိုင်အားကြည့်ရှုစစ်ဆေးရန် ရည်မှန်းချက် (၃) ရပ်နှင့် ညွှန်ကိန်း (၈) ခုရှိပါသည်။ ဤ စစ်တမ်းက ဤ ရည်မှန်းချက်များ အတွက် ညွှန်ကိန်း (၄) ခုကိုသာ ဖော်ပြပါသည်။ (ညွှန်ကိန်း ၂၉၊ ၃၀၊ ၃၁၊ ၃၂)

[၂၆] ဤစစ်တမ်းက မလွှမ်းခြုံနိုင်သော တရားဝင် MDG ညွှန်ကိန်း(၄)ခု ရှိပါသည်။ အတိအကျ ပြောရသော် သစ်တော ဖုံးလွှမ်းထားသည့် မြေဧရိယာအချိုး၊ မြေမျက်နှာပြင် ဧရိယာအနက် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန် ကာကွယ် စောင့်ရှောက်ထားသော မြေဧရိယာအချိုး၊ ဂျီဒီပီ(PPP) အမေရိကန်ဒေါ်လာ တစ်ဒေါ်လာတွင် စွမ်းအင်အသုံးပြုမှု (စက်သုံးဆီနှင့် ညီမျှချက်အရ ကီလိုဂရမ်) နှင့် ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု(လူတစ်ဦးလျှင်)နှင့် အိုဇုန်းလွှာပါးလာစေသည့် CFCs များ (ODP တန် များ) သုံးစွဲမှုတို့ ဖြစ်ပါသည်။


ဇယား ၆-၁။ အစိုင်အခဲ လောင်စာများ သုံးစွဲသည့် လူဦးရေ အချိုး (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၈၇.၇ | ၆၃.၃ | ၈၃.၉ | ၆၆.၆ | ၆၉.၂ | ၁ |
| ပဲခူး (အရှေ့) | ၈၉.၅ | ၅၆.၇ | ၇၇.၂ | ၈၇.၄ | ၈၄.၃ | ၂ |
| ကယား | ၉၇.၈ | ၈၁.၀ | ၉၇.၃ | ၈၈.၄ | ၉၁.၄ | ၃ |
| ဧရာဝတီ | ၉၃.၃ | ၉၀.၇ | ၉၃.၉ | ၉၂.၄ | ၉၂.၉ | ၄ |
| ပဲခူး (အနောက်) | ၉၅.၅ | ၈၁.၄ | ၉၅.၁ | ၉၃.၃ | ၉၃.၉ | ၅ |
| ရှမ်း (အရှေ့) | ၉၇.၃ | ၈၂.၈ | ၉၅.၇ | ၉၂.၃ | ၉၄.၀ | ၆ |
| မကွေး | ၉၆.၄ | ၈၇.၅ | ၉၆.၃ | ၉၅.၀ | ၉၅.၆ | ၇ |
| ရခိုင် | ၉၅.၄ | ၉၉.၆ | ၉၇.၀ | ၉၅.၉ | ၉၆.၃ | ၈ |
| မန္တလေး | ၉၉.၂ | ၉၂.၀ | ၉၉.၁ | ၉၆.၀ | ၉၇.၂ | ၉ |
| စစ်ကိုင်း | ၉၇.၅ | ၉၇.၁ | ၉၆.၇ | ၉၇.၇ | ၉၇.၄ | ၁၀ |
| ကရင် | ၉၈.၇ | ၈၉.၉ | ၁၀၀.၀ | ၉၇.၁ | ၉၇.၅ | ၁၁ |
| မွန် | ၉၇.၈ | ၉၆.၀ | ၉၅.၈ | ၉၈.၀ | ၉၇.၅ | ၁၂ |
| ရှမ်း (တောင်) | ၉၉.၁ | ၉၂.၄ | ၉၈.၄ | ၉၇.၀ | ၉၇.၆ | ၁၃ |
| ကချင် | ၉၈.၉ | ၉၇.၀ | ၉၈.၃ | ၉၈.၄ | ၉၈.၃ | ၁၄ |
| တနင်္သာရီ | ၉၈.၉ | ၉၈.၀ | ၉၈.၂ | ၉၈.၉ | ၉၈.၇ | ၁၅ |
| ချင်း | ၉၉.၁ | ၉၉.၃ | ၁၀၀.၀ | ၉၆.၈ | ၉၉.၁ | ၁၆ |
| ရှမ်း (မြောက်) | ၉၉.၅ | ၉၇.၇ | ၉၉.၇ | ၉၈.၆ | ၉၉.၁ | ၁၇ |
| **ပြည်ထောင်စု** | **၉၆.၀** | **၈၁.၆** | **၉၅.၂** | **၉၀.၅** | **၉၂.၃** | |

### ***၆-၂။ ရည်မှန်းချက် ၁၀။ ၂၀၁၅ ခုနှစ် တွင် ဘေးကင်းသော သောက်ရေ နှင့် အညစ်အကြေး သန့်ရှင်းရေး စနစ် အား လက်လှမ်းမီ မရရှိသည့် လူဦးရေ အချိုးကို ထက်ဝက် လျှော့ချရန်။***

**ကောင်းမွန်သည့် ရေဇာစ်မြစ်အားအစဥ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး**


ပုံ (၁၁) ကောင်းမွန်သည့် ရေဇာစ်မြစ်အား အစဥ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး (ပထမ အကြိမ် စစ်တမ်း)



ရည်မှန်းချက် ၁၀ အတွက် တရားဝင် MDG ညွှန်ကိန်းသည် မြို့ပြနှင့် ကျေးလက်တွင် ကောင်းမွန်သည့် ရေဇာစ်မြစ်အား အစဥ် လက်လှမ်း မီရရှိသည့် လူဦးရေ အချိုးဖြစ်ပါသည်။ မသန့်ရှင်းသော ရေ သုံးစွဲမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါကူးစက်ပြန့်ပွားမှု၏ တိုက်ရိုက် အကြောင်းတရားပင် ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ရေကောင်းရေသန့်ကို ပိုမို လက်လှမ်းမီ ရရှိသည်နှင့်အမျှ အမှန်တကယ် ရေ သုံးစွဲမှု ပိုမို များလာစေသည် ဆိုသည့် ယူဆချက် အပေါ်တွင် အခြေပြုထားပါသည်။ အဓိကအားဖြင့် ကျေးလက်တွင် ရေကောင်းရေသန့် လက်လှမ်းမီ ရရှိမှုအချိုး(၅၅%) နိမ့်ကျမှုကြောင့် ပြည်ထောင်စု အဆင့်တွင် ဤအချိုးသည် ၆၃%သာ ရှိကြောင်း တွေ့ရှိရပါသည်။ လက်လှမ်းမီရရှိမှုသည် မြို့ပြတွင် ပိုမိုကောင်းမွန်၍ အချိုး ၉၀% ရှိပါသည်။ ဘေးကင်းသော သောက်ရေရရှိရေးအတွက် အထူးသဖြင့် ပြဿနာရှိသော ကျေးလက်ဒေသများမှာ ဧရာဝတီတိုင်း (၃၆%) နှင့် ရခိုင်ပြည်နယ် (၄၁%)တို့မှ ဖြစ်ပါသည်။ အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေ ဇာစ်မြစ်အား လက်လှမ်းမီ ရရှိသည့် ဆင်းရဲသူ အချိုးသည် မဆင်းရဲသူ အချိုးထက် လျော့နည်းပါသည်။ (နှိုင်းယှဥ်မှုအရ ၅၉% နှင့် ၆၄% ဖြစ်ပါသည်။) ***(ဇယား ၆-၂ နှင့် ပုံ ၁၁ ကို ကြည့်ပါ)***

**ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေအချိုး**

ပုံ (၁၂) ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး (ပထမ အကြိမ် စစ်တမ်း)



မြို့ပြနှင့် ကျေးလက်တွင် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုးသည် ရည်မှန်းချက် ၁၀ ၏ တရားဝင် ဒုတိယ MDG ညွှန်ကိန်း ဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်တွင် မြို့ပြ အိမ်ထောင်စု၏ ၇၆% နှင့် ကျေးလက် အိမ်ထောင်စု၏ ၆၄% သည် ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေးစနစ်ကို သုံးစွဲကြပါသည်။ အိမ်ထောင်စု အားလုံး၏ ပျမ်းမျှ ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေးစနစ် သုံးစွဲမှု အချိုးမှာ ၆၇% ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများက မဆင်းရဲသော အိမ်ထောင်စုများထက် ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေးစနစ် သုံးစွဲမှုနှုန်း လျော့နည်းပြီး ၅၉% နှင့် ၇၁% အသီးသီး ရှိကြပါသည်။ အိမ်ထောင်စုဦးရေ၏ ၆၀% အောက် ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေးစနစ် သုံးစွဲသည့် ပြည်နယ်နှင့် တိုင်းများတွင် ရခိုင်ပြည်နယ် ၃၆%၊ တနင်္သာရီတိုင်း ၅၃% နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) ၅၆% တို့ပါဝင်ကြပါသည်။ ***(ဇယား ၆-၃ ကို ကြည့်ပါ)***

ဇယား ၆-၂။ အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေ ဇာစ်မြစ်[၂၇] လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး (ပထမ အကြိမ် စစ်တမ်း)

| SD and ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၈၃.၅ | ၉၇.၀ | ၈၇.၇ | ၈၉.၀ | ၈၈.၅ | ၁ |
| မွန် | ၈၄.၇ | ၉၄.၇ | ၇၉.၁ | ၈၈.၆ | ၈၆.၆ | ၂ |
| ရန်ကုန် | ၆၃.၈ | ၉၇.၄ | ၉၃.၅ | ၈၄.၆ | ၈၆.၁ | ၃ |
| ကချင် | ၇၉.၀ | ၉၇.၂ | ၇၈.၈ | ၈၈.၀ | ၈၃.၉ | ၄ |
| ချင်း | ၇၄.၉ | ၈၄.၇ | ၇၂.၈ | ၈၈.၉ | ၇၇.၀ | ၅ |
| ရှမ်း (အရှေ့) | ၇၁.၅ | ၉၄.၉ | ၆၇.၅ | ၈၅.၈ | ၇၅.၈ | ၆ |
| မန္တလေး | ၆၈.၇ | ၉၆.၃ | ၆၆.၆ | ၈၁.၄ | ၇၅.၅ | ၇ |
| ရှမ်း (မြောက်) | ၆၉.၃ | ၉၄.၃ | ၆၈.၂ | ၈၀.၉ | ၇၄.၄ | ၈ |
| ပဲခူး (အရှေ့) | ၆၉.၂ | ၉၃.၇ | ၇၃.၄ | ၇၃.၀ | ၇၃.၁ | ၉ |
| စစ်ကိုင်း | ၅၇.၈ | ၇၄.၅ | ၅၈.၅ | ၆၀.၅ | ၅၉.၉ | ၁၀ |
| မကွေး | ၅၃.၇ | ၉၄.၁ | ၅၂.၁ | ၆၀.၄ | ၅၆.၈ | ၁၁ |
| ပဲခူး (အနောက်) | ၅၃.၄ | ၈၂.၇ | ၅၇.၇ | ၅၄.၉ | ၅၅.၈ | ၁၂ |
| ကရင် | ၅၃.၁ | ၇၀.၇ | ၄၀.၇ | ၅၇.၅ | ၅၅.၄ | ၁၃ |
| တနင်္သာရီ | ၄၉.၂ | ၇၉.၄ | ၅၂.၈ | ၅၃.၉ | ၅၃.၅ | ၁၄ |
| ရှမ်း (တောင်) | ၄၆.၃ | ၇၈.၄ | ၄၀.၈ | ၆၁.၄ | ၅၂.၈ | ၁၅ |
| ရခိုင် | ၃၃.၉ | ၇၁.၇ | ၄၂.၆ | ၄၀.၆ | ၄၁.၄ | ၁၆ |
| ဧရာဝတီ | ၃၀.၁ | ၇၆.၄ | ၄၃.၁ | ၃၂.၈ | ၃၆.၁ | ၁၇ |
| **ပြည်ထောင်စု** | **၅၅.၃** | **၈၉.၆** | **၅၉.၄** | **၆၄.၂** | **၆၂.၆** | |

[၂၇] သုံးစွဲသူ၏ နေအိမ်မှ ၁ ကီလိုမီတာ (၃၀ မိနစ်ခန့် လမ်းလျှောက် အကွာအဝေး)အတွင်း ဘေးကင်းသည့် သောက်ရေ ဇာစ်မြစ်အား အစဉ်လက်လှမ်းမီ ရရှိသည့် လူဦးရေအချိုး။ ဘေးကင်းသည့် သောက်ရေဇာစ်မြစ်တွင် ကိုယ်ပိုင်နှင့် အများသုံး ရေပိုက်ခေါင်းမှ ရေနှင့် ပိုက်မှလာသည့်ရေ၊ အဝီစိတွင်းရေ၊ တုံကင်ရေ၊ အကာအကွယ်ပြုထားသည့် ရေတွင်း၊ ရေကန်၊ စမ်းရေနှင့် မိုးရေများပါဝင်၍ စီးပွားဖြစ်ရောင်းချသည့် သောက်ရေသန့်ဘူးများ၊ ပုံကျရေသည်များရောင်းချသည့်ရေ (ရေစည်ထရပ်ကားနှင့် ရေစည်လှည်း အပါအဝင်) အကာအကွယ်မဲ့သည့် လက်ယက်တွင်းများ၊ စမ်းရေ၊ ရေကန် (သို့မဟုတ်) အကာအကွယ်မဲ့သော မိုးရေ၊ မြစ်ရေ၊ ချောင်းရေနှင့် ရေကန်ကြီးမှ ရေ၊ ဆည်ရေတို့မှာ ဘေးကင်းသည့် သောက်ရေဇာစ်မြစ်တွင် မပါဝင်ပါ။

ဇယား ၆-၃။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး စနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး[၂၈] (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကချင် | ၈၂.၁ | ၇၅.၂ | ၇၅.၁ | ၈၄.၁ | ၈၀.၁ | ၁ |
| ကယား | ၇၈.၇ | ၇၉.၆ | ၇၃.၄ | ၈၁.၉ | ၇၉.၀ | ၂ |
| မွန် | ၇၇.၅ | ၈၅.၄ | ၇၂.၁ | ၈၀.၉ | ၇၉.၀ | ၃ |
| ရန်ကုန် | ၇၄.၄ | ၇၆.၈ | ၅၉.၀ | ၇၉.၂ | ၇၆.၂ | ၄ |
| ဧရာဝတီ | ၇၃.၈ | ၇၉.၃ | ၆၉.၈ | ၇၆.၈ | ၇၄.၈ | ၅ |
| ပဲခူး (အရှေ့) | ၇၀.၄ | ၈၁.၈ | ၇၃.၁ | ၇၁.၉ | ၇၂.၃ | ၆ |
| စစ်ကိုင်း | ၇၁.၈ | ၇၄.၉ | ၆၉.၇ | ၇၃.၁ | ၇၂.၂ | ၇ |
| မန္တလေး | ၇၁.၅ | ၇၃.၁ | ၆၆.၇ | ၇၅.၃ | ၇၂.၀ | ၈ |
| ရှမ်း (တောင်) | ၆၇.၁ | ၇၂.၆ | ၆၃.၂ | ၇၁.၉ | ၆၈.၄ | ၉ |
| ချင်း | ၆၃.၅ | ၇၆.၃ | ၆၄.၃ | ၇၂.၀ | ၆၆.၃ | ၁၀ |
| ကရင် | ၆၃.၈ | ၇၉.၃ | ၄၉.၄ | ၆၈.၂ | ၆၅.၉ | ၁၁ |
| ရှမ်း (မြောက်) | ၅၅.၈ | ၇၄.၈ | ၅၅.၇ | ၆၄.၃ | ၅၉.၉ | ၁၂ |
| ရှမ်း (အရှေ့) | ၅၀.၂ | ၈၃.၃ | ၄၂.၃ | ၇၄.၀ | ၅၇.၆ | ၁၃ |
| မကွေး | ၅၃.၉ | ၇၅.၂ | ၄၃.၂ | ၆၅.၂ | ၅၆.၀ | ၁၄ |
| ပဲခူး (အနောက်) | ၅၂.၅ | ၇၉.၇ | ၄၃.၈ | ၆၀.၃ | ၅၅.၆ | ၁၅ |
| တနင်္သာရီ | ၄၉.၈ | ၆၇.၁ | ၃၆.၃ | ၆၂.၁ | ၅၃.၄ | ၁၆ |
| ရခိုင် | ၂၉.၃ | ၆၀.၄ | ၃၁.၂ | ၃၈.၆ | ၃၅.၈ | ၁၇ |
| **ပြည်ထောင်စု** | **၆၄.၄** | **၇၅.၆** | **၅၈.၇** | **၇၀.၄** | **၆၇.၃** | |

[၂၈] ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်ကို လက်လှမ်းမီခြင်းဆိုသည်မှာ လူ၏ကျင်ကြီး၊ ကျင်ငယ် အညစ်အကြေး များအား လူ၊ တိရစ္ဆာန်နှင့် ပိုးမွှားတို့နှင့် မထိတွေ့စေရေးအတွက် ကျန်းမာရေးအရ သီးခြားခွဲခြားထားရှိသည့် မိမိအိမ်ထောင်စုသာ အသုံးပြုနိုင်သည့် အိမ်သာများကို လက်လှမ်းမီသည့် လူဦးရေအချိုးဖြစ်ပါသည်။ ယင်းစနစ်တွင် ရေစလုတ်ပါရေဆွဲနှင့် ရေလောင်းအိမ်သာ၊ ခြေတင်ခုံအဖုံးပါ တွင်းဖုံးအိမ်သာ၊ ခြေတင်ခုံအဖုံးမပါ တွင်းလွဲ တွင်းဖုံး အိမ်သာ၊ ခြေတင်ခုံအဖုံးမပါ တွင်းဖုံး အိမ်သာများ ပါဝင်ပါသည်။

## ၆-၃။ ရည်မှန်းချက် ၁၁။ ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲသား ရပ်ကွက်နေသူ အနည်းဆုံး သန်း ၁၀၀ ၏ နေထိုင်မှု ဘ၀ သိသာစွာ တိုးတက် ကောင်းမွန်စေရန်။

### အာမခံချက်ရှိသော နေထိုင်ပိုင်ခွင့် ရရှိသည့် အိမ်ထောင်စုများ အချိုး

ရည်မှန်းချက် ၁၁ အတွက် တရားဝင်MDG ညွှန်ကိန်းသည် အာမခံချက် ရှိသည့် နေထိုင်ပိုင်ခွင့် ရသည့် အိမ်ထောင်စုများ အချိုးဖြစ်ပါသည်။ အာမခံချက်ရှိသည့် နေထိုင်ပိုင်ခွင့် ဆိုသည်မှာ တရားဥပဒေနှင့်အညီမဟုတ်သည့် နှင်ထုတ်မှု မခံရစေရေးအတွက် နိုင်ငံတော် အစိုးရထံမှ ထိရောက်သော ကာကွယ်စောင့်ရှောက်မှုကို တစ်ဦးချင်းနှင့် အဖွဲ့အစည်းများက ရရှိသည့် အခွင့်အရေး ဖြစ်ပါသည်။ အာမခံချက် ရှိသည့် နေထိုင်ပိုင်ခွင့် မရသည့် အိမ်ထောင်စုများကို ကျူးကျော် နေထိုင်သူများ (ငှားရမ်းခပေးသည်ဖြစ်စေ၊ သို့မဟုတ် မပေးသည် ဖြစ်စေ) အိမ်မဲ့ ယာမဲ့များနှင့် တရားဝင် သဘောတူညီမှု စာချုပ်စာတမ်းမရှိဘဲ နေထိုင်သည့် အိမ်ထောင်စုများဟု အဓိပ္ပာယ်ဖွင့်ပါသည်။ စစ်တမ်းမှ စာရင်းအင်း အချက်အလက်များ အရ ကျေးလက်နှင့် မြို့ပြတွင် အိမ်ထောင်စုအားလုံး နီးပါးသည် အာမခံချက်ရှိသည့် နေထိုင်ပိုင်ခွင့်ရ၍ ၉၉% ရှိပါသည်။ ဆင်းရဲသည့် အိမ်ထောင်စုများနှင့် မဆင်းရဲသည့် အိမ်ထောင်စုများတွင် ဤညွှန်ကိန်းသည် ကွဲပြားခြားနားမှု မရှိပါ။ အာမခံချက်ရှိသည့် နေထိုင်ခွင့်နှင့် ပတ်သက်၍ အနိမ့်ဆုံးညွှန်ကိန်း (၉၀% နှင့် ၉၅%)ကို တနင်္သာရီတိုင်း၏ မြို့ပြမှ မဆင်းရဲသည့် အိမ်ထောင်စုများတွင် တွေ့ရှိရပါသည်။ ***(ဇယား ၆-၄ ကို ကြည့်ပါ)***

ဇယား ၆-၄။ အာမခံချက်ရှိသော နေထိုင်ပိုင်ခွင့်ရရှိသည့် အိမ်ထောင်စုများ(%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁ |
| ပဲခူး (အနောက်) | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁ |
| ချင်း | ၁၀၀.၀ | ၉၉.၆ | ၉၉.၈ | ၁၀၀.၀ | ၉၉.၉ | ၃ |
| ကရင် | ၉၉.၉ | ၉၉.၁ | ၉၈.၉ | ၉၉.၉ | ၉၉.၈ | ၄ |
| ကချင် | ၁၀၀.၀ | ၉၉.၂ | ၁၀၀.၀ | ၉၉.၇ | ၉၉.၈ | ၅ |
| မကွေး | ၉၉.၈ | ၉၉.၀ | ၉၉.၈ | ၉၉.၇ | ၉၉.၇ | ၆ |
| ပဲခူး (အရှေ့) | ၉၉.၈ | ၉၉.၁ | ၉၉.၃ | ၉၉.၈ | ၉၉.၇ | ၇ |
| ရှမ်း (မြောက်) | ၉၉.၇ | ၉၉.၆ | ၉၉.၅ | ၉၉.၈ | ၉၉.၇ | ၈ |
| ရှမ်း (တောင်) | ၉၉.၄ | ၁၀၀.၀ | ၉၉.၇ | ၉၉.၅ | ၉၉.၆ | ၉ |
| ရှမ်း (အရှေ့) | ၉၉.၆ | ၉၉.၅ | ၉၉.၆ | ၉၉.၅ | ၉၉.၆ | ၁၀ |
| ဧရာဝတီ | ၉၉.၃ | ၉၉.၇ | ၉၉.၄ | ၉၉.၃ | ၉၉.၄ | ၁၁ |
| မွန် | ၉၉.၂ | ၉၉.၇ | ၉၉.၁ | ၉၉.၄ | ၉၉.၃ | ၁၂ |
| မန္တလေး | ၉၉.၅ | ၉၈.၇ | ၉၉.၂ | ၉၉.၃ | ၉၉.၃ | ၁၃ |
| စစ်ကိုင်း | ၉၉.၅ | ၉၇.၈ | ၉၉.၂ | ၉၉.၂ | ၉၉.၂ | ၁၄ |
| ရခိုင် | ၉၉.၆ | ၉၇.၆ | ၉၉.၃ | ၉၉.၂ | ၉၉.၂ | ၁၅ |
| ရန်ကုန် | ၉၉.၃ | ၉၈.၉ | ၉၈.၇ | ၉၉.၁ | ၉၉.၀ | ၁၆ |
| တနင်္သာရီ | ၉၈.၁ | ၈၉.၅ | ၉၉.၃ | ၉၅.၂ | ၉၆.၃ | ၁၇ |
| **ပြည်ထောင်စု** | **၉၉.၅** | **၉၈.၈** | **၉၉.၄** | **၉၉.၃** | **၉၉.၃** | |

## ၇။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင် ၈။ ဖွံ့ဖြိုးမှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်း လက်တွဲ ဆောင်ရွက်ရေးအား ဖြစ်ပေါ် တိုးတက်စေရန်။

ဤပန်းတိုင်ကို စောင့်ကြည့် စစ်ဆေးရန် အတွက် ရည်မှန်းချက် ၇ ရပ်နှင့် ညွှန်ကိန်း ၁၆ ခု ရှိပါသည်။ (နောက်ဆက်တွဲကို ကြည့်ရှုရန်) ဤစစ်တမ်းက ရည်မှန်းချက် ၁၆ ၏ ညွှန်ကိန်း ၁ ခု (၄၅ ခု မြောက်) ကို လွှမ်းခြုံပါသည်။

- ၁၅-၂၄နှစ် အရွယ်ရှိသူများ၏ အလုပ်လက်မဲ့နှုန်း၊ ကျား၊ မ အလိုက် စုစုပေါင်း

### *၇-၁။ ရည်မှန်းချက် ၁၆။ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လူငယ်များအတွက် သင့်တင့်လျောက်ပတ်၍ အကျိုးရှိသည့် အလုပ်အကိုင် ဆိုင်ရာ မဟာဗျူဟာ များ တိုးမြှင့်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်။*

### ၁၅-၂၄ နှစ် အရွယ်ရှိသူများ၏ အလုပ် လက်မဲ့နှုန်း၊ ကျား၊ မ အလိုက် စုစုပေါင်း

၁၅-၂၄နှစ်အရွယ်ရှိသူများ၏ အလုပ်လက်မဲ့နှုန်းသည် ရည်မှန်းချက် ၁၆ အတွက် တရားဝင် MDG ညွှန်ကိန်း ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် လူငယ်များ၏ စီးပွားရေးနှင့် လူမှုရေးတွင် ပေါင်းစည်းပါဝင်မှုနှင့် ပိုမိုကျယ်ပြန့်သောအားဖြင့် နိုင်ငံတော် အစိုးရ၏ မူဝါဒများ၊ အစီအစဉ်များနှင့် စီးပွားရေး စွမ်းဆောင်မှု၏ အတိုင်းအတာ တစ်ခုဖြစ်ပါသည်။ စစ်တမ်းမှ စာရင်းအင်း အချက်အလက်များအရ စာရင်းနှစ်ကြိမ် ကောက်ယူမှု နှစ်ခုစလုံးတွင် ပြီးခဲ့သော ၆ လ အတွင်း ၁၅-၂၄နှစ် အရွယ်ရှိ သူများ၏ အလုပ် လက်မဲ့နှုန်း[၂၆] သည် ၄% ဖြစ်ပါသည်။ စာရင်းနှစ်ကြိမ် ကောက်ယူမှု နှစ်ခုစလုံးတွင် ကျေးလက်နှင့် မြို့ပြ အလုပ်လက်မဲ့နှုန်း မှာ သိသာစွာ ကွဲပြားခြားနား၍ ၃% နှင့် ၁၀% အသီးသီး ရှိကြပါသည်။ ဆင်းရဲသူများ၏ အလုပ်လက်မဲ့နှုန်းမှာ မဆင်းရဲသူများထက် လျော့နည်းပြီး အမျိုးသမီးများ၏ အလုပ်လက်မဲ့ နှုန်းသည်လည်း အမျိုးသားများထက် လျော့နည်းပါသည်။ စာရင်းနှစ်ကြိမ် ကောက်ယူမှုမှ အများဆုံး ကွဲလွဲချက်ကို ချင်းပြည်နယ်တွင် တွေ့ရှိရ၍ ပထမအကြိမ် စာရင်းကောက်ယူရာတွင် ၁၀% ရှိပြီး ဒုတိယအကြိမ်တွင် ၅% ရှိပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် အလုပ်လက်မဲ့နှုန်းသည် သိသာစွာ ကွဲပြားခြားနား၍ ရခိုင်ပြည်နယ်တွင် အမြင့်မားဆုံးနှုန်းနှင့် ကယားပြည်နယ်တွင် အနိမ့်ဆုံးနှုန်းကို တွေ့ရှိရပါသည်။ *(ဇယား ၇-၁ နှင့် ၇-၂ ကို ကြည့်ပါ)*

---

[၂၆] အလုပ်လက်မဲ့များမှာ သတ်မှတ်ရည်ညွှန်းသော ကာလအတွင်း အလုပ်အကိုင်မရှိဘဲ အလုပ်အကိုင် ရရှိရေးအတွက် အသင့် ရှိသူများဖြစ်၍ လုပ်ခရ အလုပ်အကိုင် ရှာဖွေသူများနှင့် ကိုယ်တိုင် လုပ်ငန်းလုပ်ကိုင်ရန် ပြင်ဆင်နေသူများ ဖြစ်ကြပါသည်။

ဇယား ၇-၁။ လွန်ခဲ့သော ၆ လအတွင်း ၁၅-၂၄ နှစ်အရွယ်ရှိသူများ၏ အလုပ်လက်မဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | ကျား/မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | မ | ကျား | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁ |
| ရှမ်း (တောင်) | ၀.၂ | ၁၀.၅ | ၀.၉ | ၂.၉ | ၁.၇ | ၂.၃ | ၂.၀ | ၂ |
| မန္တလေး | ၁.၃ | ၅.၃ | ၂.၅ | ၁.၇ | ၂.၄ | ၁.၈ | ၂.၁ | ၃ |
| ဧရာဝတီ | ၂.၀ | ၄.၄ | ၂.၆ | ၂.၁ | ၁.၉ | ၂.၈ | ၂.၃ | ၄ |
| ရှမ်း (မြောက်) | ၁.၅ | ၇.၃ | ၃.၁ | ၁.၂ | ၂.၆ | ၁.၉ | ၂.၃ | ၅ |
| မကွေး | ၁.၈ | ၁၀.၇ | ၃.၅ | ၁.၃ | ၃.၃ | ၁.၄ | ၂.၃ | ၆ |
| ကချင် | ၂.၄ | ၂.၅ | ၂.၉ | ၁.၉ | ၃.၂ | ၁.၁ | ၂.၄ | ၇ |
| စစ်ကိုင်း | ၁.၇ | ၉.၃ | ၂.၄ | ၂.၆ | ၂.၆ | ၂.၄ | ၂.၅ | ၈ |
| ရှမ်း (အရှေ့) | ၁.၀ | ၁၁.၃ | ၁.၁ | ၅.၄ | ၁.၉ | ၄.၁ | ၂.၉ | ၉ |
| ပဲခူး (အနောက်) | ၂.၆ | ၉.၃ | ၃.၈ | ၂.၇ | ၂.၈ | ၃.၇ | ၃.၂ | ၁၀ |
| ပဲခူး (အရှေ့) | ၃.၀ | ၇.၂ | ၂.၄ | ၄.၀ | ၂.၇ | ၄.၃ | ၃.၄ | ၁၁ |
| တနင်္သာရီ | ၃.၄ | ၈.၅ | ၄.၉ | ၄.၀ | ၂.၇ | ၆.၉ | ၄.၃ | ၁၂ |
| ကရင် | ၃.၅ | ၁၀.၂ | ၀.၀ | ၅.၂ | ၆.၁ | ၁.၆ | ၄.၄ | ၁၃ |
| မွန် | ၅.၈ | ၁၄.၃ | ၁၃.၁ | ၅.၄ | ၅.၆ | ၉.၃ | ၇.၁ | ၁၄ |
| ချင်း | ၈.၂ | ၁၆.၇ | ၁၀.၆ | ၆.၂ | ၄.၄ | ၁၃.၈ | ၉.၆ | ၁၅ |
| ရန်ကုန် | ၂.၅ | ၁၃.၇ | ၁၀.၄ | ၉.၆ | ၈.၂ | ၁၁.၉ | ၉.၈ | ၁၆ |
| ရခိုင် | ၉.၉ | ၁၇.၁ | ၁၀.၆ | ၁၂.၁ | ၁၀.၇ | ၁၂.၉ | ၁၁.၅ | ၁၇ |
| **ပြည်ထောင်စု** | **၂.၇** | **၁၀.၄** | **၃.၉** | **၄.၁** | **၃.၉** | **၄.၂** | **၄.၁** | |

ဇယား ၇-၂။ လွန်ခဲ့သော ၆ လအတွင်း ၁၅-၂၄ နှစ်အရွယ်ရှိသူများ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ဆင်းရဲမှု အခြေအနေ | | ကျား/မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | မ | ကျား | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁ |
| မကွေး | ၁.၀ | ၃.၆ | ၁.၉ | ၀.၅ | ၀.၉ | ၁.၄ | ၁.၂ | ၂ |
| ကရင် | ၁.၀ | ၇.၈ | ၀.၀ | ၂.၂ | ၂.၈ | ၀.၆ | ၂.၀ | ၃ |
| ရှမ်း (တောင်) | ၀.၆ | ၈.၉ | ၁.၁ | ၂.၈ | ၀.၈ | ၃.၃ | ၂.၀ | ၄ |
| မန္တလေး | ၁.၅ | ၄.၅ | ၁.၉ | ၂.၃ | ၂.၁ | ၂.၀ | ၂.၁ | ၅ |
| စစ်ကိုင်း | ၂.၀ | ၂.၈ | ၁.၈ | ၂.၂ | ၁.၈ | ၂.၄ | ၂.၁ | ၆ |
| ရှမ်း (မြောက်) | ၁.၈ | ၅.၅ | ၂.၉ | ၁.၃ | ၂.၄ | ၂.၁ | ၂.၃ | ၇ |
| ပဲခူး (အနောက်) | ၁.၈ | ၈.၇ | ၂.၅ | ၂.၄ | ၂.၈ | ၁.၈ | ၂.၄ | ၈ |
| ဧရာဝတီ | ၂.၃ | ၃.၉ | ၃.၆ | ၁.၉ | ၂.၅ | ၂.၄ | ၂.၅ | ၉ |
| တနင်္သာရီ | ၁.၄ | ၇.၁ | ၁.၆ | ၃.၂ | ၂.၄ | ၂.၉ | ၂.၆ | ၁၀ |
| ရှမ်း (အရှေ့) | ၁.၇ | ၈.၉ | ၀.၉ | ၅.၈ | ၂.၀ | ၄.၃ | ၂.၉ | ၁၁ |
| ကချင် | ၃.၄ | ၀.၉ | ၃.၅ | ၂.၅ | ၂.၇ | ၃.၄ | ၃.၀ | ၁၂ |
| ပဲခူး (အရှေ့) | ၃.၄ | ၁၂.၃ | ၅.၁ | ၄.၂ | ၄.၀ | ၅.၂ | ၄.၅ | ၁၃ |
| ချင်း | ၄.၁ | ၁၂.၆ | ၆.၃ | ၂.၂ | ၅.၀ | ၅.၉ | ၅.၅ | ၁၄ |
| မွန် | ၆.၅ | ၆.၂ | ၇.၀ | ၆.၃ | ၅.၇ | ၇.၇ | ၆.၅ | ၁၅ |
| ရန်ကုန် | ၁.၄ | ၁၄.၃ | ၁၁.၁ | ၉.၉ | ၈.၀ | ၁၂.၈ | ၁၀.၂ | ၁၆ |
| ရခိုင် | ၉.၈ | ၁၆.၅ | ၁၁.၈ | ၁၀.၈ | ၁၁.၀ | ၁၁.၆ | ၁၁.၂ | ၁၇ |
| **ပြည်ထောင်စု** | **၂.၅** | **၉.၅** | **၃.၆** | **၄.၀** | **၃.၇** | **၄.၁** | **၃.၈** | |

# ကိုးကားချက်များ

**Asian Development Bank (2005), Key Indicators 2005: Labor Markets in Asia: Promoting Full, Productive, and decent employment, Asian Development Bank.**

**United Nations (2003), Indicators for monitoring Millennium Development Goals: Definitions, Rationale, Concepts and Sources, United Nations Population Fund (UNFPA), United Nations Development Programme (UNDP), Department of Economics and Social Affairs Statistics Division, New-York.**

## နောက်ဆက်တွဲ - ၁။ ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်များ သို့ အောင်မြင်စွာ ရောက်ရှိရေး နှင့် ပတ်သက်၍ တိုးတက်မှု အခြေအနေ ကို စောင့်ကြည့် စစ်ဆေးသည့် ရည်မှန်းချက်များ နှင့် ညွှန်ကိန်းများ။

| ပန်းတိုင်များနှင့် ရည်မှန်းချက်များ | တိုးတက်မှုကိုစောင့်ကြည့်စစ်ဆေးသည့် ညွှန်ကိန်းများ |
|---|---|
| ပန်းတိုင် ၁။ အလွန်အမင်းဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုလုံးဝပပျောက်စေရန်၊ | |
| **ရည်မှန်းချက် ၁။** ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တစ်နေ့လျှင် အမေရိကန် ဒေါ်လာ တစ်ဒေါ်လာ အောက် ဝင်ငွေရှိသူ လူဦးရေ အချိုးအား ထက်ဝက် လျော့ချရန်၊ | ၁။ တစ်နေ့လျှင် အမေရိကန် ဒေါ်လာ တစ်ဒေါ်လာ (PPP) အောက် ဝင်ငွေရရှိသူ လူဦးရေအချိုး[က]<br>၂။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး (ဆင်းရဲနွမ်းပါးခြင်း ဖြစ်ပေါ်ကြိမ် x ဆင်းရဲနွမ်းပါးခြင်း၏ နက်ရှိုင်းမှု)<br>၃။ တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ် တစ်စိတ် (၂၀%) အိမ်ထောင်စုများ၏ ပါဝင်မှု အချိုး |
| **ရည်မှန်းချက် ၂။** ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း ငတ်မွတ်ခြင်း ခံစားရသော လူဦးရေ အချိုးအား ထက်ဝက် လျော့ချရန်၊ | ၄။ ၅ နှစ်အောက် ပုံမှန် ကိုယ်အလေးချိန် မပြည့်သော ကလေးပျံ့နှံ့မှု<br>၅။ အစားအစာမှ ခွန်အား ရရှိရန်၊ စားသုံးမှု အနည်းဆုံး အဆင့်အောက်ရှိ လူဦးရေ အချိုး |
| ပန်းတိုင် ၂။ ကမ္ဘာအနှံ့မူလတန်းပညာတတ်မြောက်ကြစေရန်၊ | |
| **ရည်မှန်းချက် ၃။** ၂၀၁၅ ခုနှစ်တွင် ကလေးသူငယ်များ၊ ယောက်ျားကလေးနှင့် မိန်းကလေးအားလုံး မူလတန်း ပညာပြီးမြောက်နိုင်စေရန်၊ | ၆။ မူလတန်းအဆင့် အသားတင် ကျောင်းဝင်နှုန်း<br>၇။ အဆင့် ၁ (သူငယ်တန်း)မှ အဆင့် ၅ (စတုတ္ထတန်း) အထိ ရောက်ရှိလာသော ကျောင်းသားများ အချိုး<br>၈။ ၁၅ - ၂၄ နှစ်အရွယ် ရှိသူများ၏ စာတတ်မြောက်မှုနှုန်း |
| ပန်းတိုင် ၃။ ကျား၊ မတန်းတူညီမျှရေးအား မြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့် ရရှိ စေရန်၊ | |
| **ရည်မှန်းချက် ၄။** ဖြစ်နိုင်ပါက ၂၀၀၅ ခုနှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေး၌ ကျား၊ မ အခွင့်အရေး မတူညီမှု ပပျောက်စေရန်နှင့် ၂၀၁၅ ခုနှစ်ထက် နောက်မကျစေပဲ ပညာရေးအဆင့်အားလုံး၌ ဖယ်ရှားပြီးဖြစ်ရန်၊ | ၉။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာရေးရှိ ကျား၊ မ အချိုးများ<br>၁၀။ ၁၅-၂၄ နှစ်အရွယ်ရှိ ကျား၊ မ စာတတ်မြောက်မှုအချိုး<br>၁၁။ လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရ အလုပ်အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှု အချိုး<br>၁၂။ အမျိုးသားလွှတ်တော်တွင် အမျိုးသမီး ကိုယ်စားလှယ်များ၏ ပါဝင်မှု အချိုး |
| ပန်းတိုင် ၄။ ကလေးသေဆုံးမှုလျော့ချရန်၊ | |
| **ရည်မှန်းချက် ၅။** ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၅ နှစ်အောက် ကလေး သေဆုံးမှုနှုန်းကို သုံးပုံနှစ်ပုံ လျော့ချရန်၊ | ၁၃။ ၅ နှစ်အောက်ကလေး သေဆုံးမှုနှုန်း<br>၁၄။ ၁ နှစ်အောက်ကလေး သေဆုံးမှုနှုန်း<br>၁၅။ ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော ၁ နှစ်အရွယ် ကလေး ဦးရေ အချိုး |
| ပန်းတိုင် ၅။ သားဖွားမိခင်ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်၊ | |
| **ရည်မှန်းချက် ၆။** ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း သားဖွားမိခင် သေဆုံးမှုနှုန်းကို လေးပုံသုံးပုံ လျော့ချရန်၊ | ၁၆။ သားဖွားမိခင် သေဆုံးမှုနှုန်း<br>၁၇။ ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး |
| ပန်းတိုင် ၆။ HIV/AIDS၊ ငှက်ဖျားနှင့် အခြားရောဂါများကို နှိမ်နင်းရန်၊ | |
| **ရည်မှန်းချက် ၇။** ၂၀၁၅ ခုနှစ် တွင် HIV/ AIDS ရောဂါ ကူးစက် ပြန့်ပွားမှုကို ရပ်တန့်စေ၍ ပြန့်ပွားမှု လျော့နည်း ကျဆင်းစေရန်၊ | ၁၈။ ၁၅-၂၄ နှစ်အရွယ် ကိုယ်ဝန်ဆောင်မိခင်များတွင် HIV ရောဂါပိုး ပျံ့နှံ့မှုနှုန်း<br>၁၉။ ပဋိသန္ဓေတားသည့် နည်းလမ်းများ ပျံ့နှံ့မှုနှုန်းတွင် ကွန်ဒုံး အသုံးပြုမှု နှုန်း[ခ]<br>၂၀။ HIV/ AIDS ရောဂါ များကြောင့် မိဘမဲ့ ကလေး ဦးရေ[ဂ] |
| **ရည်မှန်းချက် ၈။** ၂၀၁၅ ခုနှစ် တွင် ငှက်ဖျားနှင့် အခြား အဓိက ကျသော ရောဂါများ ဖြစ်ပွားမှုကို ရပ်တန့်စေ၍ ရောဂါဖြစ်ပွားမှု လျော့နည်း ကျဆင်းစေရန်၊ | ၂၁။ ငှက်ဖျားရောဂါနှင့် ဆက်စပ်သည့် သေဆုံးမှုနှုန်းနှင့် ပျံ့နှံ့မှုနှုန်း<br>၂၂။ ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်သည့် ဒေသများတွင် ထိရောက်သည့် ကာကွယ်မှုနှင့် ကုသမှုနည်းများဖြင့် ကာကွယ် ကုသလျက်ရှိသည့် လူဦးရေအချိုး[ဃ]<br>၂၃။ အဆုတ်ရောဂါနှင့် ဆက်စပ်သည့် သေဆုံးမှုနှုန်းနှင့် ပျံ့နှံ့မှုနှုန်း<br>၂၄။ စုံစမ်းသိရှိရ၍ တိုက်ရိုက် ကြည့်ရှု အချိန်တိုနှင့် ကု (DOTS) သည့် အဆုတ်ရောဂါသည် အချိုး |

| ပန်းတိုင် ၇။ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုကို မုချသေချာစေရန်၊ | |
|---|---|
| **ရည်မှန်းချက် ၉။** နိုင်ငံ၏ မူဝါဒနှင့် အစီအစဉ်များတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ဆိုင်ရာ အခြေခံ သဘောတရားများအား စုစည်း ပေါင်းစပ်ရန်နှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ သယံဇာတများ ဆုံးရှုံးမှု လျော့နည်းသွားစေရန်၊ | ၂၅။ သစ်တော ဖုံးလွှမ်းသည့် မြေဧရိယာအချိုး<br>၂၆။ မျက်နှာပြင် ဧရိယာထက်တွင် ဇီဝမျိုးကွဲများ ထိန်းသိမ်းရန်အတွက် ကာကွယ် စောင့်ရှောက်ထားသည့် မြေဧရိယာအချိုး<br>၂၇။ GDP(PPP) အမေရိကန် ဒေါ်လာ တစ်ဒေါ်လာ တန်ဖိုးပေါ်တွင် စွမ်းအင်သုံးစွဲမှု (ကီလိုဂရမ် စက်သုံးဆီ ညီမျှနှုန်း)<br>၂၈။ တစ်ဦးချင်းအတွက် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုနှင့် အိုဇုံးလွှာ ပါးလာစေသည့် CFCs (ODP တန်) များ သုံးစွဲမှု<br>၂၉။ အစိုင်အခဲ လောင်စာများ သုံးစွဲသူ အချိုး |
| **ရည်မှန်းချက် ၁၀။** ၂၀၁၅ ခုနှစ်တွင် ဘေးကင်းသော သောက်ရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်အား အစဉ် လက်လှမ်းမီ မရရှိသော လူဦးရေအချိုးကို ထက်ဝက် လျှော့ချရန်၊ | ၃၀။ မြို့ပြနှင့် ကျေးလက်များတွင် ကောင်းမွန်သည့် ရေဇာစ်မြစ်အား အစဉ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး<br>၃၁။ မြို့ပြ နှင့် ကျေးလက်များ တွင် ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေး စနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး |
| **ရည်မှန်းချက် ၁၁။** ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲသား ရပ်ကွက်နေသူ အနည်းဆုံး သန်း ၁၀၀ ၏ နေထိုင်မှု ဘဝ သိသာစွာ တိုးတက် ကောင်းမွန်စေရန်၊ | ၃၂။ အာမခံချက်ရှိသော နေထိုင်ခွင့်ရရှိသည့် အိမ်ထောင်စုများ အချိုး (ကိုယ်ပိုင် သို့မဟုတ် ငှားရမ်းနေထိုင်) |

| ပန်းတိုင် ၈။ ဖွံ့ဖြိုးမှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာပူးပေါင်းလက်တွဲဆောင်ရွက်ရေးအား ဖြစ်ပေါ် တိုးတက်စေရန် | |
|---|---|
| **ရည်မှန်းချက် ၁၂။** ပွင့်လင်းပြီး စည်းမျဉ်း အခြေခံကာ ကြိုတင် တွက်ဆနိုင်၍ ခွဲခြား ဆက်ဆံမှု မရှိသော ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးစနစ် ပိုမို ဖွံ့ဖြိုးလာစေရန်၊<br>**ရည်မှန်းချက် ၁၃။** ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများ (LDCs) ၏ အထူး လိုအပ်ချက်များကို ဦးတည် ဖြေရှင်းပေးရန်၊<br>**ရည်မှန်းချက် ၁၄။** ကုန်းတွင်းပိတ် နိုင်ငံများနှင့် ကျွန်းငယ် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ အထူး လိုအပ်ချက်များကို ဦးတည် ဖြေရှင်း ပေးရန်၊<br>**ရည်မှန်းချက် ၁၅။** အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ အစီအမံများဖြင့် ရေရှည်တွင်ကြွေးမြီ စဉ်ဆက်မပြတ် ပေးဆပ်ကာ ထိန်းသိမ်း ရရှိနိုင်ရေး အတွက် ဖွံ့ဖြိုးဆဲနိုင်ငံ များ၏ ကြွေးမြီ ပြဿနာကို ကျယ်ပြန့်စွာ ကိုင်တွယ် ဖြေရှင်း ရန်၊ | **တရားဝင် ဖွံ့ဖြိုးမှု အကူအညီ**<br>၃၃။ OECD/ DAC အလှူရှင် နိုင်ငံများ၏ စုစုပေါင်း အမျိုးသားဝင်ငွေ အပေါ် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများ ကရရှိသည့် စုစုပေါင်းနှင့် အသားတင် ODA ရာခိုင်နှုန်း<br>၃၄။ နှစ်နိုင်ငံအကြားနှင့် ကဏ္ဍအလိုက် ခွဲဝေ ကူညီသည့် OECD/ DAC အလှူရှင် နိုင်ငံများ၏ စုစုပေါင်း ODA တွင် အခြေခံ လူမှုရေး ဆိုင်ရာ ဝန်ဆောင်မှုများအတွက် ထောက်ပံ့ ကူညီငွေ ပါဝင်မှုအချိုး (အခြေခံ ပညာရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရ ဖြည့်တင်းမှု၊ ဘေးကင်းသော ရေနှင့် အညစ်အကြေးသန့် ရှင်းရေးစနစ်)<br>၃၅။ OECD/ DAC အလှူရှင်နိုင်ငံများကပေးသည့် နှစ်နိုင်ငံအကြား ODA တွင် နှောင်ကြိုးမဲ့ ထောက်ပံ့ကူညီငွေ ပါဝင်မှု အချိုး<br>၃၆။ ကုန်းတွင်းပိတ် နိုင်ငံများ၏ စုစုပေါင်း အမျိုးသား ဝင်ငွေအပေါ် ODA ထောက်ပံ့ ကူညီငွေ ရရှိမှု အချိုး<br>၃၇။ ဖွံ့ဖြိုးဆဲကျွန်း နိုင်ငံများ၏ အမျိုးသား ဝင်ငွေအပေါ် ODA ထောက်ပံ့ကူညီငွေ ရရှိမှု အချိုး<br>၃၈။ ဖွံ့ဖြိုးပြီး နိုင်ငံများ၏ စုစုပေါင်း သွင်းကုန် (တန်ဖိုးအရနှင့် လက်နက် ပစ္စည်းကုန်သွယ်မှု မပါ) တွင် အခွန် ကင်းလွတ်ခွင့်ရသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် LDC နိုင်ငံများ၏ ကုန်သွယ်မှု တန်ဖိုး ပါဝင်မှု အချိုး<br>၃၉။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ လယ်ယာထွက်ကုန် ပစ္စည်းများ၊ ချည်ထည်များနှင့် အဝတ်အထည်များအပေါ် ဖွံ့ဖြိုးပြီး နိုင်ငံများက စည်းကြပ်သည့် ပျမ်းမျှ အခွန်အခများ<br>၄၀။ OECD နိုင်ငံများ၏ စုစုပေါင်း GDP တွင် လယ်ယာကဏ္ဍ ထောက်ပံ့ ငွေ ခန့်မှန်းခြေ ပါဝင်မှုနှုန်း<br>၄၁။ ကုန်သွယ်မှု စွမ်းဆောင်အား မြှင့်တင်ရန် ODA ၏ ထောက်ပံ့ ကူညီငွေ အချိုး<br>၄၂။ HIPC ဆုံးဖြတ်ချက် အဆင့်များသို့ ရောက်ရှိသည့် နိုင်ငံများနှင့် အောင်မြင်စွာ ဆောင်ရွက် ပြီးစီးသည့် အဆင့်များသို့ရောက်ရှိသည့် HIPC နိုင်ငံ စုစုပေါင်း (ဆင့်တိုး စုစည်းမှု)<br>၄၃။ HIPC ကမကထ ပြုချက်အရ အမေရိကန် ဒေါ်လာဖြင့် ကြွေးမြီ သက်သာခွင့်<br>၄၄။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုပို့ကုန် တန်ဖိုးနှင့် နှိုင်းယှဉ်သည့် ကြွေးမြီ ပြန်ဆပ်ငွေ ရာခိုင်နှုန်း |

| | |
|---|---|
| **ရည်မှန်းချက် ၁၆။** ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူငယ်များအတွက် သင့်တင့်လျောက်ပတ်၍ အကျိုးရှိသည့် အလုပ်အကိုင် ဆိုင်ရာ မဟာဗျူဟာများ တိုးမြှင့်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | ၄၅။ ၁၅-၂၄ နှစ်အရွယ် စုစုပေါင်းနှင့် ကျား၊ မအလိုက် အလုပ်လက်မဲ့နှုန်း |
| **ရည်မှန်းချက် ၁၇။** ဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရရှိနိုင်သော အဓိက ဆေးဝါးများအား လက်လှမ်းမီ ရရှိရေးအတွက် ဆောင်ရွက်ပေးရန်၊ | ၄၆။ ရရှိနိုင်သော အဓိက ဆေးဝါးများကို အစဥ် လက်လှမ်းမီသည့် လူဦးရေ အချိုး |
| **ရည်မှန်းချက် ၁၈။** ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာ အသစ်များ အထူးသဖြင့် သတင်းအချက် အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၏ အကျိုးကျေးဇူးများကို ခံစား ရရှိစေရန်၊ | ၄၇။ လူဦးရေ ၁၀၀ တွင် တယ်လီဖုန်းနှင့် ဆယ်လူလာ ဖုန်းသုံးစွဲသူ ဦးရေ<br>၄၈။ လူဦးရေ ၁၀၀ တွင် ကိုယ်ပိုင်သုံး ကွန်ပျူတာသုံးသူများနှင့် လူဦးရေ ၁၀၀ တွင် အင်တာနက်သုံးသူ ဦးရေ |

ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်နှင့် ရည်မှန်းချက်များသည် ၂၀၀၀ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံအကြီးအကဲ ၁၄၇ ဦးပါဝင်ပြီး ၁၈၉ နိုင်ငံက လက်မှတ်ရေးထိုးသည့် ထောင်စုနှစ်ကြေညာချက်မှ ထွက်ပေါ်လာခြင်းဖြစ် ပါသည်။ (www.un.org/documents/ga/res/55/a55r002.pdf - A/RES/55/2) ပန်းတိုင်နှင့် ရည်မှန်းချက်များသည် တစ်ခုချင်း အပြန်အလှန် ဆက်စပ်သကဲ့သို့ တစ်လုံးတစ်စည်းတည်း ပန်းတိုင်တစ်ရပ်သဖွယ် အဖြစ်လည်း မြင်တွေ့နိုင်ပါသည်။ ဤပန်းတိုင်များသည် ဆုံးဖြတ်ချက်ခိုင်မာသည့် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ကိုယ်စားပြု ဖော်ပြပြီး ကြေညာချက်တွင်လည်း နိုင်ငံအဆင့်နှင့် ကမ္ဘာအဆင့်တွင် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေးအတွက် အရေးပါသည့် ဝန်းကျင်တစ်ရပ် ဖန်တည်းပေးရေးကို ဖော်ပြထားပါသည်။

[က] နိုင်ငံအလိုက်ဆင်းရဲနွမ်းပါးမှုကို စောင့်ကြည့်စစ်ဆေးရန်အတွက် တစ်မျိုးသားလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှုပြမျဥ်းကို အခြေခံသည့် ညွှန်ကိန်းများကို ရရှိသမျှ အသုံးပြုရန် ဖြစ်ပါသည်။

[ခ] ပဋိသန္ဓေတားသည့် နည်းလမ်းများတွင် ကွန်ဒုံးများသာလျှင် HIV ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။ ပဋိသန္ဓေတားသည့် နည်းလမ်းအသုံးပြုပုံနှုန်းမှုနှုန်းသည် ကျန်းမာရေး၊ အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှရေးနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ပန်းတိုင်များသို့ရောက်ရှိရေးနှင့် ပတ်သက်၍ တိုးတက်မှု အခြေအနေကို သိရှိရန်အတွက် အသုံးဝင်ပါသည်။ ပြည်ထောင်စုတစ်ဝန်းလုံးရှိ အမျိုးသမီးများ အကြားတွင်သာ ကွန်ဒုံးသုံးစွဲမှုနှုန်းကို တိုင်းတာတွက်ချက်နေသဖြင့် ဤညွှန်ကိန်းကို ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားသည့် အခြေအနေများ၏ ကွန်ဒုံးသုံးစွဲမှုညွှန်ကိန်းများဖြင့် တွက်ချက်၍ ဖြည့်စွက်ပေးနိုင်ပါသည်။ ၁၅ နှစ်မှ ၂၄ နှစ်အရွယ်ရှိသူများ၏ HIV/ AIDS ရောဂါများနှင့် ပတ်သက်၍ သိရှိနားလည်မှုနှင့် နားလည်လွဲမှုဆိုင်ရာ ညွှန်ကိန်းဖြင့် ဤညွှန်ကိန်းများ၏ အကျိုးသက်ရောက်မှု တန်းဖိုးကို မြှင့်တင်ပေးနိုင်ပါသည်။ (UNICEF-WHO)

[ဂ] ကျောင်းတက်နေသည့် ၁၀-၁၄ နှစ်အရွယ် မိဘမဲ့သူနှင့် မိဘရှိသူ အချိုးကို တွက်ချက် ဖော်ပြရန်၊

[ဃ] ပိုးသတ်ထားသည့် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်စက်သည့် ၅ နှစ်အောက် ကလေး အရေအတွက်အား ရာခိုင်နှုန်းဖြင့် တွက်ချက်၍ ကာကွယ်ခြင်းကို တိုင်းတာ ဖော်ပြရန်နှင့် လျော်ကန်သည့် ကုသမှုကို ခံယူရသည့် ၅ နှစ်အောက် ကလေး အရေအတွက်အား ရာခိုင်နှုန်းဖြင့် တွက်ချက်၍ ကုသခြင်းကို တိုင်းတာ ဖော်ပြရန်၊

## နောက်ဆက်တွဲ - ၂။ ရွေးချယ်ထားသော အာရှနိုင်ငံများမှ ရွေးချယ်ထားသော ညွှန်ကိန်းများ။

ဇယား က၂-၁။ အခြားတောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများ[၃၀] ရှိ ဆင်းရဲနွမ်းပါးမှုအချိုး[၃၁]

| နိုင်ငံ | ခုနှစ် | ဆင်းရဲနွမ်းပါးသူ လူဦးရေ (%) | | |
|---|---|---|---|---|
| | | ကျေးလက် | မြို့ပြ | စုစုပေါင်း |
| အရှေ့ တောင် အာရှ | | | | |
| ကမ္ဘောဒီးယား | ၁၉၉၉ | ၄၀.၁ | ၁၈.၂ | ၃၅.၉ |
| အင်ဒိုနီးရှား | ၂၀၀၂ | ၂၁.၁ | ၁၄.၅ | ၁၈.၂ |
| လာအို | ၁၉၉၇ | ၄၁.၀ | ၂၆.၉ | ၃၈.၆ |
| မလေးရှား | ၁၉၉၉ | ၁၂.၄ | ၃.၄ | ၇.၅ |
| ဖိလစ်ပိုင် | ၂၀၀၃ | - | - | ၃၀.၄ |
| ထိုင်း | ၂၀၀၂ | ၁၂.၆ | ၄.၀ | ၉.၈ |
| ဗီယက်နမ် | ၂၀၀၂ | ၃၅.၆ | ၆.၆ | ၂၈.၉ |
| တောင် အာရှ | | | | |
| ဘင်္ဂလားဒေ့ရှ် | ၂၀၀၀ | ၅၃.၀ | ၃၆.၆ | ၄၉.၈ |
| ဘူတန် | ၂၀၀၀ | - | - | ၂၅.၃ |
| အိန္ဒိယ | ၂၀၀၀ | ၃၀.၂ | ၂၄.၇ | ၂၈.၆ |
| မော်လဒိုက် | ၁၉၉၈ | ၅၀.၀ | ၂၀.၀ | ၄၃.၀ |
| နီပေါ | ၂၀၀၄ | ၃၄.၆ | ၉.၆ | ၃၀.၉ |
| ပါကစ္စတန် | ၁၉၉၉ | ၃၄.၈ | ၂၅.၉ | ၃၂.၆ |
| သီရိလင်္ကာ | ၁၉၉၆ | ၂၇.၀ | ၁၅.၀ | ၂၅.၀ |

ဇာစ်မြစ် - အာရှဖွံ့ဖြိုးရေးဘဏ် ၂၀၀၅

ဇယား က၂-၂။ ရွေးချယ်ထားသော အာရှနိုင်ငံများမှ ကျန်းမာရေးဆိုင်ရာ ညွှန်ကိန်းများ[၃၂]

| | ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော ၁ နှစ် အရွယ် ကလေး ဦးရေ အချိုး (%) | ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး (%) |
|---|---|---|
| ဘင်္ဂလားဒေ့ရှ် | ၇၇ | ၁၄ |
| ကမ္ဘောဒီးယား | ၆၅ | ၃၂ |
| မြန်မာ* | ၈၀ | ၇၃ |
| လာအို | ၄၂ | ၁၉ |
| ထိုင်း | ၉၄ | ၉၉ |
| ဗီယက်နမ် | ၉၃ | ၈၅ |

ဇာစ်မြစ် - ကမ္ဘာ့ကျန်းမာရေးအစီရင်ခံစာ WHO - ၂၀၀၅

* မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်စာရင်း - IHLCA, ၂၀၀၄-၂၀၀၅

---

[၃၀] ရရှိပါက တရားဝင်ဆင်းရဲနွမ်းပါးမှုပြမျဉ်းကို အသုံးပြုပါသည်။
[၃၁] နိုင်ငံအလိုက်ဆင်းရဲနွမ်းပါးမှုနှုန်းကို နှိုင်းယှဉ်ပါက နည်းပညာဆိုင်ရာ ကွဲပြား ခြားနားမှုရှိသဖြင့် နှိုင်းယှဉ်သူအနေဖြင့် အထူးသတိပြုရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လိုအပ်သည့်အချက်အလက်များ မရရှိသဖြင့် PPP အမေရိကန် ဒေါ်လာတစ်ဒေါ်လာဝင်ငွေ နှင့် သက်ဆိုင်သည့် ဆင်းရဲနွမ်းပါးမှုမျဉ်းကို တွက်ချက်ဖော်ပြနိုင်ခြင်းမရှိပါ။ ဇယား က ၂-၁ သည် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေကို အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ရန် ရည်ရွယ်ဖော်ပြခြင်း ဖြစ်ပါသည်။
[၃၂] ကျန်းမာရေး ဆိုင်ရာ ညွှန်ကိန်းများအတွက် အသုံးပြုသော တွက်ချက်သည့်နည်းများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အစဉ်အလာအားဖြင့် နိုင်ငံတကာ စံထားချက်များ ဖြစ်ပါသည်။

ဇယား က၂-၃။ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် ၇။ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မုချသေချာစေရန်[၃၃] အတွက် ညွှန်ကိန်းများ

| | ကောင်းမွန်သည့် ရေဇာစ်မြစ် အား အစဉ် လက်လှမ်းမီ ရရှိသည့် လူဦးရေ ရာခိုင်နှုန်း | ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေး စနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ ရာခိုင်နှုန်း |
|---|---|---|
| ဘင်္ဂလားဒေ့ရှ် ° | ၇၅ | ၄၈ |
| ကမ္ဘောဒီးယား ° | ၃၄ | ၁၆ |
| မြန်မာ* | ၆၃ | ၆၇ |
| လာအို° | ၄၃ | ၂၄ |
| ထိုင်း° | ၈၅ | ၉၉ |
| ဗီယက်နမ် ° | ၇၃ | ၄၁ |

ဇာစ်မြစ် - ကုလသမဂ္ဂ၊ စာရင်းအင်းဌာနခွဲ - ၂၀၀၅ http://unstats.un.org/unsd/mi/mi.asp

* မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့်စာရင်း - IHLCA, ၂၀၀၄-၂၀၀၅

° ၂၀၀၂ ကိန်းဂဏန်းများ

ဇယား က၂-၄။ ပညာရေးဆိုင်ရာ ညွှန်ကိန်းများ[၃၄]

| | မူလတန်း ပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း | မူလတန်း အဆင့် ကျောင်းဝင်မှုတွင် မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) |
|---|---|---|
| ဘင်္ဂလားဒေ့ရှ် ° | ၈၇ | ၁၀၂ |
| ကမ္ဘောဒီးယား ° | ၈၆ | ၈၉ |
| မြန်မာ* | ၈၅ | ၉၆ |
| လာအို° | ၈၃ | ၈၆ |
| ထိုင်း° | ၈၆ | ၉၆ |
| ဗီယက်နမ် ° | ၉၄ | ၉၃ |

ဇာစ်မြစ် - ကုလသမဂ္ဂ၊ စာရင်းအင်းဌာနခွဲ - ၂၀၀၅ http://unstats.un.org/unsd/mi/mi.asp

* မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စာရင်း - IHLCA, ၂၀၀၄-၂၀၀၅

° ၂၀၀၁ ကိန်းဂဏာန်းများ

[၃၃] ရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီမှု ဆိုင်ရာ ညွှန်ကိန်းများ၏ သတ်မှတ် ဖွင့်ဆိုချက်များကို တိတိကျကျ ဖော်ပြနိုင်ခြင်း မရှိပါ။ ထို့ကြောင့် ကိန်းဂဏန်းများမှာ ဖော်ညွှန်းခြင်းသာ ဖြစ်ပါသည်။

[၃၄] ပညာရေး နှင့် ဆက်နွယ်သည့် ညွှန်ကိန်းများ၏ သတ်မှတ်ဖွင့်ဆိုချက်များကို တိတိကျကျ ဖော်ပြနိုင်ခြင်း မရှိပါ။ ထို့ကြောင့် ကိန်းဂဏန်းများမှာ ဖော်ညွှန်းခြင်းသာ ဖြစ်ပါသည်။

# ဝေါဟာရစာရင်း

| အင်္ဂလိပ် | မြန်မာ |
|---|---|
| **A** | |
| Adult equivalent | အရွယ်ရောက်သူနှင့် ညီမျှအရေအတွက် |
| Antenatal care | ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်ခြင်း |
| **C** | |
| Child mortality Rate | ကလေး (၁-၄) နှစ် သေဆုံးမှုနှုန်း |
| **E** | |
| Economically active person | စီးပွားရှာသူ/ အလုပ်လုပ်ကိုင်သူ |
| **F** | |
| Female-headed household | အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု |
| Focus Group Discussion (FGD) | ခေါင်းစဉ်အလိုက် ဦးတည်အုပ်စု ဆွေးနွေးပွဲ |
| Food consumption expenditure | အစားအစာ စားသုံးမှု အသုံးစရိတ် |
| Food poverty headcount index | အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး |
| **G** | |
| Gender disparity | ကျား၊ မ အခွင့်အရေး မတူညီမှု |
| Gender equality | ကျား၊ မ တန်း တူညီမျှမှု |
| Gross enrolment rate | စုစုပေါင်း ကျောင်းဝင်နှုန်း |
| **I** | |
| Illiteracy rate | စာမတတ်မြောက်မှုနှုန်း |
| Infant mortality Rate (IMR) | တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း |
| Integrated Household Living Conditions Assessment (IHLCA) | အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု |
| Intensity of Poverty | ဆင်းရဲနွမ်းပါးခြင်း၏နက်ရှိုင်းမှု |
| **M** | |
| Management Information System (MIS) | အချက်အလက်ဆိုင်ရာ စီမံခန့်ခွဲမှု စနစ် |
| Maternal Mortality Rate (MMR) | သားဖွားမိခင် သေဆုံးမှုနှုန်း |
| Millennium Development Goal (MDG) | ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် |
| Morbidity incidence | နာမကျန်း ဖြစ်ပွားမှု |

## N

| | |
|---|---|
| Net enrolment rate | အသားတင် ကျောင်းဝင်နှုန်း |
| Non food expenditure | အစားအစာ အတွက်မဟုတ်သော အသုံးစရိတ် |

## P

| | |
|---|---|
| Per adult equivalent | အရွယ်ရောက်သူနှင့် ညီမျှချက်အရ |
| Poverty gap index | ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး |
| Poverty headcount index | ဆင်းရဲနွမ်းပါးသူ အချိုး |
| Poverty line | ဆင်းရဲနွမ်းပါးမှု ပြမျဉ်း |
| PPP (Purchasing Power Parity) | ဝယ်လိုအား ညီမျှနှုန်း |
| Prevalence of moderately under weight children under 5 | ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ၅ နှစ်အောက် ကလေးများပျံ့နှံ့မှု |
| Prevalence of severely underweight children under 5 | ပုံမှန် ကိုယ်အလေးချိန် လွန်မင်းစွာ မပြည့်သော ၅ နှစ်အောက် ကလေးများပျံ့ နှံ့မှု |
| Proportion of births attendance by skilled health personal | ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းဖြင့် စောင့်ရှောက် မွေးဖွားမှုအချိုး |

## Q

| | |
|---|---|
| Quintile | ငါးစိတ်တစ်စိတ် (၂၀ %) |

## S

| | |
|---|---|
| Safe drinking water | ဘေးကင်းသော သောက်ရေ |
| Sanitation | အညစ်အကြေး သန့်ရှင်းရေး စနစ် (စစ်တမ်းအတွက် ယင်လုံအိမ်သာ သုံးစွဲမှုကို ညွှန်းပါသည်) |
| Secure tenure | အာမခံချက်ရှိသော နေထိုင်ခွင့် |
| Solid fuel | အစိုင်အခဲလောင်စာ |
| Squared poverty gap index | ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်းအချိုး |

## T

| | |
|---|---|
| Traditional Birth Attendant (TBA) | မိရိုးဖလာ အရပ်လက်သည် |

## W

| | |
|---|---|
| Weight for age indicator | အသက်အရ ရှိသင့်သည့် ကိုယ်အလေးချိန်ညွှန်ကိန်း |
| Weight for height indicator | အရပ်အမြင့်အရ ရှိသင့်သည့် ကိုယ်အလေးချိန် ညွှန်ကိန်း |